
လမင်းစိုစို
အားငယ်တက်တယ်

# (၁)

ကားပေါ်က ဆင်းတော့ လက်ဖွဲ့ထုပ်ကြီးကို မကိုင်ချင်တာကြောင့် သုံးယောက်သား မေ့ချင်ယောင်ဆောင်နေကြသည် ။ အိမ်က ထွက်ကတ ည်းက ဒီလက်ဖွဲ့ထုပ်ကို ကိုင်ဖို့ တစ်ယောက်ကိုတစ်ယောက် လွှဲချလာ တော့။

"ငါမကိုင်ဘူးနော်။ ပြောပြီးစလစ်နံပါတ်တစ်"

ရွှေရွှေက အလျင်ဆုံး အော်ထားနှင့်သည် ။

"ငါလည်း ပြောပြီးစလစ် နံပါတ်နှစ်"

မိကျော်က ဒုတိယအော်သည် ။ မြူကကျတော့ နှုတ်ခမ်းနီ ဆိုးလက် စမို့ ပါးစပ်နေ့းနေခဲ့၏။

"ငါ့နံပါတ် အုံး"

နှုတ်ခမ်းနီတွေနှင့်မို့ လျှာမထိအာမထိ အော်လိုက်သံကြောင့် ရွှေရွှေ နှင့် မိကျော်က အော်ရယ်သည် ။

"ဘာလဲ နံပါတ်အုံးဆိုတာ"

"သုံး ....သုံး"

"သုံးဆိုတော့ ဘိတ်ချီးပဲ၊ နင်ကိုင်"

"နင်က ရှေ့ဆုံးပဲ ရွှေရွှေရဲ့ ။ နင်ကိုင်ပေါ့"

"အစဉ်အလာ မရှိပါဘူး၊ ငါက မကိုင်ဘူးလို့ အလျင်ဆုံးပြောတာ၊ အလျင်ဆုံး အစောဆုံး"

"ငါက ပထမ"

"ငါက ဗွေဆော်ဦး"

"အို...ရယ်စရာတွေ လုပ်မနေနဲ့ ၊ မကိုင်ရင် နေကြ၊ လက်ဖွဲ့မပေးတော့ဘူး"

"အဲဒီဟာမက သိပ်လက်လွတ်စပယ်နိုင်တာပဲ၊ ဒီလက်ဖွဲ့ထုပ်ကို ငါတို့ ဘယ်လောက်ထိ ကြိုးစားပမ်းစား လုပ်ထားရတာလဲ ၊ မပေးလို့ ပြီးမလား"

"မနေနိုင်တဲ့ လူကိုင်ပေါ့"

"အားလုံး နေနိုင်တဲ့ သူချည်းပဲ"

မြူက ရွှေရွှေကို မျက်စောင်းထိုးပြီး ပြောသည် ။ ပြောသလိုပဲ နေမယ်ဆို နေနိုင်သူချည်းပေါ့။ ဘယ်သူမကိုင်ရ မနေနိုင်ပဲ့မလဲ၊ ကိုယ်ရမယ့်ကိစ္စလဲမဟုတ် ကိုယ်က ပေးရမယ့်ကိစ္စ။

မိကျော်ကလည်း သိပ်အသည်းမာတာ။ ဒီနှစ်ယောက် ကျန်ရစ်ရတာ စိတ်ကုန်လိုက်တာ။ အခုလက်ထပ်တော့မည် နန္ဒာက မြူနှင့်စိတ်သဘောထားချင်း အတိုက်ဆိုင်ဆုံး သဘောကောင်းလေး။

"မြူ နင်က ဒီအကြံစ အကောင်အထည်ဖော်တာ၊ နင်ကိုင်ပေါ့ဟာ"

"မကိုင်ဘူး လေးတယ်"

"လေးမှာ ပေါ့၊ နင်ပဲ အကြံထုတ်ပြီး ရယ်ရအောင်လေးဘာလေးနဲ့ သ

ခွားမသီးကြီး ထည့်ထားတာကို"

မြူက မထိန်းနိုင်ဘဲ ခစ်ခနဲ ရယ်လိုက်သည် ။ နန္ဒာရော နန္ဒာခင်ပွန်းလောင်း ကိုချစ်လွင်ရော သခွားမသီး ဖျော်ရည် သိပ်ကြိုက်တာ။

သခွားမသီးဆိုတာ မွှေးကြိုင်နေသော သခွားသီးအဝါကြီးတွေပါ။ သကြားနဲ့ ဖျော်ရည်လုပ်သောက်လျှင် အရမ်းကောင်းသည် ။ နန္ဒာတို့ ရယ်လည်း ရယ်ရအောင် သူတို့ အကြိုက် သခွားသီးဝါဝါကြီးတစ်လုံး အကြီးစား ကြီးဝယ်ကာ ဘူးကြီးကြီးထဲ ထည့်ထားသည် ။

တကယ်တမ်း သုံးယောက် ပိုက်ဆံစုဝယ်ထားသည့် လက်စွပ်ကလေး နှစ်ကွင်းကိုတော့ ဘူးနီလေးထဲထည့် ပလတ်စတစ်အိတ်နှင့် အလုံပိတ်ကာ သခွားသီးထဲ ဖောက်ထည့်ထားသည် ။ သခွားသီးကို ဓားနဲ့ ဝိုက်လှီးပြီး အပေါက်ဖောက်ကာ အထဲက အစေ့နည်းနည်း အသားနည်းနည်းထုတ် ပလတ်စတစ်အိတ်ကို ထည့်ပြီးမှ အပေါ်က သခွားသီးအသားကြီးနှင့် ပြန်ပိတ်ထားသည် ။

ဓားရာနှင့်မို့ ဖွင့်တော့ ကြည့်ကြမှာ ပါ။ သို့ပေမဲ့ မျက်စိရှမ်းသွားမှာစိုးတာကြောင့် သခွားသီးအပေါ်မှာ စာကပ်ထားသည် ။

"စိတ်မဝင်စား မရှိပါနှင့်"လို့ ။

ဒါမှ စိတ်ဝင်စားမှာ ။

ဒီလောက်ကြိုးစားပမ်းစား လုပ်ထားရတာကို တစ်ယောက်နှင့်တစ်ယောက် ကိုင်ဖို့ လွှဲချပြီး ဘယ်သူမှ မကိုင်ဘဲ တင်းနေသည် ။

ကားမောင်းသည့် ဖြူတို့ ဒရိုင်ဘာကြီးက ....

"ဟဲ့ ...သမီးတို့ လက်ဖွဲ့မေ့ခဲ့ပြီ၊ မေ့ခဲ့ပြီ"

တမင်မေ့ခဲ့ကာမှ သတိပေးအော်ပြောသူက ရှိနေတာကြောင့် မြူက မျက်နှာရှုံ့သွားရသည် ။

"ဟဲ့ မြူ၊ ဒရိုင်ဘာကြီး ခေါ်နေတယ်။ သွားလိုက်ဦး"

မိကျော်က သိရက်နှင့် စပ်ဖြီးဖြီးပြောသည် ။ မြူက ပုလဲရောင် ရှူးဖိနပ်ကလေး စီးထားသည့် ခြေထောက်ကို ခွပ်ခနဲ ဆောင့်ရင်း...

"ကောင်မစုတ်တွေ နင်တို့ တစ်နေ့ သိရစေမယ်"

"စိတ်မဆိုးပါနဲ့ ဟယ်၊ နင့်အင်္ကျီလေးက ပုလဲရောင်လေး၊ လက်ဖွဲ့ထုပ်တဲ့ စက္ကူကလည်း ပုလဲစက္ကူ ဆိုတော့ အရမ်းလိုက်ပါတယ် ။ ပိုတောင်လှသေးတယ်။ အစကလူတွေကလည်း လက်ဖွဲ့ထုပ်ကိုင်လာတဲ့ လူကို ပိုအရေးပေးမှာ ပါ ။ မယုံရင် ကြည့်"

"ဟင်း"

မြူက လက်ဖွဲ့စက္ကူဘူးကို ရှုံ့ရှုံ့မဲ့မဲ့ ကိုင်လိုက်ရသည် ။ ကိုင်လိုက်တော့လည်း ဒီလောက်လေးတာ မဟုတ်ပါ။

သုံးယောက်သား အင်းလျားလိတ်ဟိုတယ်ထဲ ခေါင်းမော့ ရင်ကော့ ခပ်ကြော့ကြော့ ဝင်ခဲ့သည် ။

"ဟိုမှာ နန္ဒာ့မမကြီး"

လက်ဖွဲ့လက်ခံသည့်နေရာမှာ နန္ဒာ့အစ်မအကြီးဆုံး မမ သန္တာက ရှိနေတာမို့ သုံးယောက်သား သွားကလေးတွေ ဖြဲကာ အပြေးကလေး သွားလိုက်သည် ။

"ဟော ...မြူတို့ ပါလား၊ နန္ဒာက သူ့အလှပြင်တာ လာကြည့်မနေပေးလို့ တဲ့ ခုနက နှုတ်ခမ်းစူနေသေးတယ်"

"မြူတို့ နည်းနည်း နောက်ကျသွားတယ် မမကြီး၊ ရွှေရွှေက သူများ ဖိနပ်ငှားလာတာဆိုတော့ မနည်းစွပ်နေရလို့ "

"အောင်မာ မဟုတ်တရုတ်တွေ၊ ဒုက္ခပါပဲ ဟိုလူကြီးက တကယ်ထင်သွားပြီ"

ရွှေရွှေကနံဘေးက ပြုံးနေသော လူတစ်ယောက်ကို မြင်ကာ မြူကို ဆိတ်ဖဲ့ရင်း စိတ်ညစ်ပုံနှင့် ရှုံ့မဲ့သွားရ၏။

"ကျော်ကျော်တို့ အပေါ် တက်လိုက်ရမလား မမကြီး"

"မတက်နဲ့ တော့ ညီမတို့ ၊ နေရာမရဘဲ နေမယ်။ ဂျိတ်ဝွမ်းတောင် ဖွင့်တော့မယ် ပြောနေတယ်။ ခန်းမထဲရအောင် နေရာသွားယူထားပါလား "

"ဟုတ်တယ်...ဟုတ်တယ်၊ ခန်းမထဲပဲ နေချင်တယ်၊ သွားထိုင်တော့မယ် မမကြီး"

မြူတို့ လက်ဖွဲ့ထုပ်ပေးခဲ့ကာ ကမန်းကတန်း လစ်ခဲ့ကြသည် ။ အခန်းထဲ ဝရုန်းသုံးကား ရောက်လာသော မချောသုံးယောက်ကြောင့် ခန်းမထဲက လူတွေတောင် လန့်ကုန်ကြပုံရသည် ။

"ဟိုမှာ တစ်စားပွဲ လွတ်သေးတယ်၊ တစ်စားပွဲတွေ့လား"

"အေး"

ကံအားထောက်မစွာ ခန်းမထဲက စားပွဲတစ်လုံးက ခုထိအလွတ်။ မြူတို့ သုံးယောက် အပြေးအလွှား နေရာယူကြသည် ။ နေရာမှ ထိုင်မိမှ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ရယ်ရသည် ။

"တော်ပါသေးရဲ့ ဟိုမှာ ဂျိတ်ဝွမ်းဖွင့်ပြီ၊ ဖွင့်တာနဲ့ ချက်ချင်း လူပြည့်

တော့မယ်"

တကယ်ပဲ နှစ်ဖက်မိဘ အသိုင်းအဝန်းက တောင့်တင်းလွန်းတာမို့ လူအရမ်းများ သည် ။ အခန်းပြင်ဘက်မှာ ပါ ထိုင်ခုံတွေ ရီဇာဗ် လုပ်ထားရသည် ။

"မြူ နင့်မာမီက ငါ့တို့ ကို အလုပ်ပြင်နေတုန်း ကော်ဖီတိုက်ထားတာ ဗိုက်တင်းနေပြီ ဒုက္ခပဲ ငါစားမှ စားနိုင်ပါ့မလား"

"ငါတို့ စားပွဲကို လူထပ်မလာရင် ကောင်းမယ်၊ ဒါမှ တစ်ယောက်စာ ပိုတီးရမှာ "

"မလာဘဲ နေမလား၊ ဒီလောက် လူများ နေတာ တစ်ယောက်မဟုတ် တစ်ယောက်တော့ ရောက်လာမှ ပဲ၊ ငါတို့ က မုန့်မကုန်ရင် သယ်မှာ ၊ ရောက်လာမယ့်သူ မိန်းမဖြစ်ရင် ကောင်းမယ်၊ ယောကျ်ားဆိုရင် ရှက်နေရဦးမယ်"

"ဘာ ရှက်စရာရှိလဲ သူ့လဲ ဝေပုံကျ ပေးလိုက်မှာ ပေါ့ ခစ်...ခစ်"

"မုန့်ကတော့ မသယ်လို့ မဖြစ်ဘူး။ နန္ဒာတို့ ပိုက်ဆံကုန်ထားရတာနဲ့ တန်အောင် တတ်နိုင်သလောက် စားရမယ်၊ မကုန်ရင် သယ်ဖို့ ပဲ"

"ဒါပေ့ါဟ"

"ညီမတို့ ဒီတစ်နေရာများ အားလား"

"ဟုတ်ကဲ့ ...အားပါတယ် ကိုကိုလေး"

နန္ဒာ့ကိုကိုလေးက ဘေးမှာ လာရပ်ကာ ပေးတာမို့ မြူက ရိုရိုသေသေ ဖြေရင်း နောက်နားက လူကို အကဲခတ်လိုက်သည် ။

"ဒါဖြင့် ဒီညီလေးကို နေရာ ပေးလိုက်မယ် နော်၊ နေရာတွေလဲ

သိပ်ပြည့်နေလို့ ၊ ထိုင်ညီလေး၊ ဒါချစ်လွင်သူငယ်ချင်းပဲ၊ ညည်းတို့ ပဲ ကြည့်ဧည့်ခံလိုက်ပေါ့။ ညီလေး ဒါက နန္ဒာ့သူငယ်ချင်းတွေ"

"ဟုတ်ကဲ့"

ရယ်သံ့သံ့ မိန်းကလေးသုံးယောက်ထဲ မျက်စိသူငယ်ရောက်လာရတာမို့ မိုးစက် မျက်နှာပိုးတွေ သေနေရသည် ။ နန္ဒာ့အစ်ကိုက ထွက်သွားတာမို့ မိုးစက် အနေရတွေ ခက်ကာ မျက်နှာခပ်ငုံ့ငုံ့ကျန်ရစ်သည် ။

ခပ်ငုံ့ငုံ့နှင့်ပင် သူငယ်ချင်းတွေ ဘယ်နားရှိမလဲ လှည့်ပြီး ရှာဖြစ်သေးသည် ။ မိုးစက်တစ်ယောက်တည်း နောက်ကျ ရောက်လာတာမို့ အပေါင်းအသင်း သူငယ်ချင်းတွေ တစ်ယောက်မှ ရှာမတွေ့တော့ပေ။

ဟိုကြည့် ဒီကြည့်နှင့် ဇက်လိမ်နေသော မိုးစက်နားထဲ တခွိခွိ ရယ်သံကလေးတွေ ဝင်လာတာမို့ မျက်နှာခပ်နီနီနှင့် သူတို့ ကို မော့ကြည့်လိုက်မိ၏။

ဘယ်ဘက်မှာ က အဝါရောင်ကလေး ။ ညာဘက်မှာ က ပန်းရင့်ရောင်ကလေး။ ရှေ့တည့်တည့်မှာ က  ပန်းရောင်ပါသည် ဆိုရုံ အဖြူဝတ်စုံနှင့် ပုလဲရောင် ကောင်မလေး။

ပုလဲမလေးက ပါးစပ်ကို ယပ်တောင်လေး ဖြန့်ကွယ်ကာ ရယ်နေသည် ။ ရယ်နေပုံလေးက ချစ်စရာလေးမို့ မိုးစက် ခပ်ကြာကြာ ကြည့်ဖြစ်သွားရ၏။

မိုးစက်စိုက်ကြည့်တာကြောင့် ကောင်မလေးက မျက်စောင်းထိုးကာ မျက်နှာလွှဲသွားသည် ။

"ဘာလို့ ကြည့်တာလဲ"

"ခင်ဗျာ"

ရွှေရွှေ မိုးစက်ကိုကြည့်ကာ ခပ်မာမာလေး မေးတာမို့ မိုးစက်လန့်သွားရင်း...

"မကြည့်ပါဘူး"

"ဒီလောက် ကြည့်နေတာများ မကြည့်ဘူးတဲ့ ။ ရိုင်း လိုက်လေ"

"မရိုင်းပါဘူး ခင်ဗျာ၊ မကြည့်ပါဘူး"

"ကိုချစ်လွင် သူငယ်ချင်းဆို"

"ဟုတ်ကဲ့"

"ဒါဖြင့် ဆရာဝန်ပေါ့"

"ဆရာဝန်လောင်းပါ"

"နာမည် ဘယ်လိုခေါ်လဲ"

"မိုးစက်ပါ"

"မိုးဇက်ဆိုတော့ တမန်တော်ပေါ့"

"မိုးဇက် မဟုတ်ပါဘူး ခင်ဗျ၊ စလုံးနဲ့ စက်တာပါ။ မိုးစက် မိုးပေါက်ပါ"

"မိုးပေါက်ပေါ့"

"ဟဲ...ဟဲ"

"မနောက်နဲ့ လေ သနားပါတယ်"

မြူက အသံလေးကို ဟန်လုပ်ကာ ဝင်ပြောလိုက်တော့ မိုးစက် ရယ်ကျဲကျဲ ဖြစ်သွားရသည် ။ သူငယ်ချင်းတွေမပါတော့ တစ်ယောက်ထဲ ဘာမှ သိပ်မပြောရဲ။

လည်ချောင်း တစ်ချက်ရှင်းကာ ....

"အဟမ်း နာမည်ဘယ်လိုခေါ်ကြလဲ"

"မပြောချင်ဘူး"

"ပြောပါ မိတ်ဖြစ် ဆွေဖြစ်ပေါ့"

မိကျော်က ကောင်းပြီလေဆိုတဲ့ ပုံစံ ခေါင်းကလေးဆတ်လိုက်ပြီးမှ

"မှတ်လို့ လွယ်ပါတယ်၊ တို့ က ပပဝတီတဲ့ ၊ အဝါလေးက ဥမ္မာဒန္တီတဲ့ ၊ သူက ပဥ္စပါပီတဲ့ "

"ခွိ ခွိ"

မြူက သူ့ကို ပဥ္စပါပီ ပြောတာ စိ တ်မဆိုးနိုင်ဘဲ ပါးစပ်လေးကွယ်ကာ ကျိတ်ရယ်သည် ။

မိုးစက် မျက်စိထဲ နှုတ်ခမ်းလှလှလေးကို ယပ်တောင်နှင့် ကွယ်ကာ မျက်စိလေး ကျဉ်းသွားအောင် ရယ်တတ်သော ပဥ္စပါပီကလေးကို တရိပ်ရိပ် စွဲသွားရသည် ။

ကောင်မလေးတွေက ရယ်ချည်း နေတာမို့ မိုးစက်အရမ်းအနေခက်သည် ။ ဟိုလှည့်ဒီလှည့် လုပ်လိုက်၊ တိုက်ပုံစ ဆွဲချလိုက်ဖြစ်နေ၏။

"ဩော်....တိုက်ပုံက ခုမှ ဆိုင်ကရွေးပြီး ဝတ်လာတာထင်တယ်"

"ဟဲ ဟဲ"

"ဘယ်ဆိုင်က ရွေးလာတာလဲ"

"မဟုတ်ပါဘူးခင်ဗျ၊ အဟောင်းပါ"

"အဟောင်းကြီး ဝတ်လာတာပေါ့"

"ဟဲ ဟဲ"

ဘာပြောရမှန်း မသိတိုင်း မိုးစက်မျက်နှာငယ်နှင့် ရယ်နေရသည် ။

"ကိုချစ်လွင်နဲ့ ခင်လား"

"ခင်ပါတယ်"

"နန္ဒာနဲ့ ရော"

"ဟုတ်ကဲ့၊ စကားတွေ ဘာတွေ ပြောဖူးပါတယ်"

"နန္ဒာ့ကို သိရင် ကျွန်မတို့ ကိုလဲ သိမှာ ပေ့ါ၊ နန္ဒာ့စကားထဲ မပါဘူးလား"

"မပါပါဘူး"

"တော်ပါသေးရဲ့ "

မိုးစက် သိပ်ကြာကြာ အနေမခက်လိုက်ရ။ မကြာခင်မှာ ပင် ဦးစိန်လွင်လေးက သတို့ သား သတို့ သမီး ကြွလာကြောင်း ကြေညာသည် ။ ဒေါ်ရီရီသန့်၏ အခါတော်ပေး သီချင်းသံက ကြည်လင်ပီသစွာ ထွက်ပေါ်လာ၏။

မြူတို့ အားလုံး တစ်လှမ်းချင်း လျှောက်လာနေသော သတို့ သား သတို့ သမီးကို လည်ပြန်နေအောင် ကြည့်ကြသည် ။

လည်ပင်းလေးလိမ်ကာ ငေးနေသော မြူ့ကို မိုးစက်လွတ်လပ်စွာ ကြည့်ခွင့်ရလေသည် ။ တစ်ကိုယ်လုံးမှာ အမည်းရောင် မဟူရာ ရတနာတွေကို ဆင်မြန်းကာ အသားကပ် ခြေအိတ်နှင့် လက်အိတ်အနက်ရောင်ကလေး စွပ်ထားသော မြူ့အလှက မိုးစက် မျက်စိထဲ ဆန်းသစ်စွာ ဝင်သည် ။

ခန်းမထိပ်မှာ သတို့ သမီး သတို့ သား ထိုင်ကာ ရှည်လျားသော ချီးမြှောက်စာတွေ ရွတ်ဖတ်ပြီးစီးသောအခါ ဦးစိန်လွင်လေးက မုန့်များ ကို ဆက်လက်သုံးဆောင်နိုင်ပြီ ဖြစ်ကြောင်း ကြေညာသည် ။

"ဟေး...စားရတော့မယ်ဟေ့"

မြူက ပြောင်ချော်ချော်ကလေး အော်လိုက်ပြီးမှ လူစိမ်း ရှိနေတာ သ တိရပြီး ရှက်စိတ်မွှန်သွားရသည် ။

မိုးစက်ကတော့ ခေါင်းငုံ့ပြီး ပြုံးလိုက်မိ၏။

မုန့်တွေ စချသည် နှင့် စားပွဲပေါ်မှာ မချောသုံးယောက် လက်တွေရှုပ် နေသဖြင့် မိုးစက် ညစ်နေရသည် ။ လောဘကြီးကြီးနှင့် ကော်ဖီထဲ နို့ တွေ စွတ်ထည့်တာမို့ ကော်ဖီသုံးခွက် ဖြူဖပ်ဖြူရော် ဖြစ်ကာ မိုးစက်အ တွက် နို့မကျန်တော့ချေ။

ရွှေရွှေက...

"ဟယ်...နို့တောင် ကုန်တော့မယ်"

"ရပါတယ်. ကျွန်တော် ဘလက်ခ်ပဲ သောက်လိုက်ပါတော့မယ်"

"အားနာစရာတွေ ဖြစ်နေပြီ"

"အားမနာပါနဲ့ "

မိကျော်က ကိတ်မုန့်တုံးကို ဓားနှင့် လေးစိတ် စိတ်သည် ။ တစ်စိတ် က စပါယ်ရှယ် ခပ်သေးသေး။

"ဟယ်...တစ်ခုက နည်းနည်း သေးသွားတယ်။ ရှင်..ဝပ့်ါမလား"

"ရပါတယ် ခင်ဗျ"

"အားနာလိုက်တာနော်"

"ရပါတယ် ကိစ္စမရှိပါဘူး"

တမင်လုပ်တာမှန်းမသိပေမယ့် မိုးစက် ဘာပြောလိုရော ရမှာ လဲ၊ ငြိမ်ခံနေရသည် ။

ဆိတ်သားပတ်ဖ်တွေကို စက္ကူလက်သုတ်ပဝါတွေနှင့် ထုတ်နေတာကိုတော့ မိုးစက် အံ့အားသင့်သလို ကြည့်လိုက်သည် ။

"ဘာကြည့်တာလဲ"

"ထူးဆန်းလို့ ပါ ခင်ဗျာ"

"မထူးဆန်းပါဘူး။ ရှင်လည်း ဝေစု ရမှာ ပေါ့"

"ဟာ…မလုပ်ပါနဲ့ ၊ ခင်ဗျားတို့ ပဲ ယူပါ"

"ဘယ်ဟုတ်မလဲ၊ ရော့…တစ်ခု"

မိုးစက်ရှေ့က စက္ကူလက်သုတ်ပဝါကို မိကျော်ယူကာ ဆိတ်သားပတ်ဖ်တစ်ခု ထုပ်သည် ။ လှမ်းပေးတာမို့ မိုးစက်လက်ကာပြီး မျက်စိ မျက်နှာပျက်အောင် ငြင်းမိသည် ။

တစ်ခါမှ ဒါမျိုး မလုပ်ဖူးတာ။ ဘေးစားပွဲတွေက မြင်မှာ ကိုတောင် မိုးစက်စိတ်ညစ်ရသည် ။ ဒီကောင်မလေးတွေနှယ် ရုပ်ရည်လေးတွေ သနားကမားနှင့် ဝယ်စားနိုင်ပုံလဲ ရသားနဲ့ ၊ ဗရုတ်တွေပါပဲ။

"ရော့ဆို…"

"ကျွန်တော်မယူဘူး ခင်ဗျ။ ခင်ဗျားတို့ ပဲ ယူလိုက်ပါ"

"ယူရမယ်"

"နေပါစေ"

မိကျော်က စိတ်မရှည်ဘဲ မိုးစက်တိုက်ပုံအင်္ကျီအောက်ဘက် အိတ်ကို ဖျတ်ခနဲ ဆွဲဟကာ စက္ကူထုပ်ကို ထည့်လိုက်၏။

"ဟာ မလုပ်ပါနဲ့ "

"ငြိမ်ငြိမ်နေစမ်းပါ၊ ရှင်က သိပ်မူပျက်တာပဲ"

"ကျွန်တော် မလိုအပ်လို့ ပါ"

မိုးစက်စကားကြောင့် မြူတို့ သုံးယောက် တခိခိရယ်ပြန်သည် ။ မြူတို့ ရေခဲမုန့်စားခိုက် မိုးစက် ရှက်ရွံ့ပုံကြီးနှင့် မျက်နှာဖြူကာ ရေခဲမုန့်ကို တို့ တိတို့ တိ စားသည် ။

"ပြန်တော့မယ်၊ ရှင် မပြန်သေးဘူးလား"

ရွှေရွှေကို မိုးစက်က မော့ကြည့်ကာ...

"ပြန်နှင့်ပါ၊ ကျွန်တော် နောက်မှ ..."

မြူတို့ သုံးယောက် လက်တွဲကာ ခန်းမထဲက ထွက်သည် ။

တစ်လမ်းလုံး မိုးစက်ပုံစံကို ပြောဆို ရယ်မဆုံးနိုင်။ အဝမှာ ကိုချစ်လွင်နှင့် နန္ဒာက ရပ်ပြီး နှုတ်ဆက်နေသည် ။

ဗွီဒီယိုက အပေါ်ဘက်က စီးရိုက်နေတာမို့ မြူတို့ အရမ်းတွေပုံပေးပြီး လှလှလုပ်နေကြ၏။

"နင်တို့ ကို စိတ်နာတယ်၊ မိတ်ကပ်လိမ်းတုန်း မီအောင်လာပါဆိုမှ "

"နန္ဒာကလည်း ငါတို့ လည်း စောစော လာမလို့ ဘဲ ၊ သုံးယောက်စုပြီးတော့ ဟေးလားဝါးလားနဲ့ အလုပ်မဖြစ်ဘူး၊ နောက်ကျနေလို့ အပေါ်တက်မလာတော့တာ"

စကားပြောဆိုနေကြဆဲမိုးစက် ထွက်လာတာကို မြူကလှမ်းမြင်လို

က်သည္ ။

"ကိုချစ်လွင်"

"ခင်ဗျ"

"ဟိုလူက သူငယ်ချင်းဆို"

"ဩော်....ဟုတ်တယ်၊ မိုးစက်တဲ့ "

"မြူတို့ စားပွဲမှာ လာထိုင်တယ်၊ ပြန်ခါနီး တိုက်ပုံထဲ မုန့်တွေထည့်တယ် သိလား"

"ဟား...ဟား မြူ မင်းတို့ ကတော့ နောက်ပြီ"

"ဩော်....မယုံလို့ လား၊ မယုံ ရွှေရွှေမေးကြည့်...."

"ကိုချစ်လွင်ကလည်း ရွှေတို့ က ညာမလား၊ သူ့အိတ်ထဲ ဆိတ်သားပတ်ဖ်ထည့်နေတာ၊ မယုံရင် တိုက်ပုံထဲနှိုက်ကြည့်လိုက်"

"နှိုက်ကြည့်လိုက်မယ်လေ၊ ကျွန်တော်နဲ့ ခင်ပါတယ်"

မိုးစက်က နှုတ်ဆက်ဖို့ အလာ မချော သုံးယောက်ကို မြင်လိုက်တော့ မျက်နှာ ဖွေးခနဲဖြစ်ပြီး ခြေလှမ်းတွေ ရပ်သွားရသည် ။ ဒုက္ခပါပဲ ၊ အားလုံး သူ့ကိုလှမ်းကြည့်နေတာကြောင့် နားထင်နားရင်းတွေ ထူပူကာ လူကချောက်ချားသွားရသည် ။

"ဟော့ကောင် မိုးစက်"

ချစ်လွင်ကလည်း လက်ယပ် လှမ်းခေါ်နေပြီမို့ မိုးစက်ကျောက်ရုပ်ကြီးလို ငူငူကြီး ရွေ့လာရ၏။

"စံထွေးတို့ နဲ့ မတွေ့ဘူးလား"

"မတွေ့ဘူးကွ၊ ငါရှာတယ်"

"အထဲက ထွက်မလာသေးဘူး ထင်တယ်၊ ဒီကောင်လာတယ်"

"ငါ သွားရှာဦးမယ်"

"နေဦး...ဒီမှာ မြူမင်းတို့ က ပြောနေတယ်...မင်း မုန့်တွေယူတယ် တဲ့ "

"ဟာ...မ မဟုတ်ပါဘူး"

ပျာပျာသလဲ ငြင်းရင်း "မြူမင်း"ဟု စိတ်ထဲက ရွတ်လိုက်ပါသည် ။

"အို...ဟုတ်တယ်...ဟုတ်တယ်၊ ရွှေတို့ မျက်စိရှေ့တင် သူ့အိတ်ထဲပါ တယ်"

"ဟာ... မဟုတ်ဘူး ကွာ"

ချစ်လွင်က မိုးစက် တိုက်ပုံအင်္ကျီအိတ်ထဲ ဆတ်ခနဲ နှိုက်လိုက်တာမို့ မိုးစက် တွန့်ခနဲဖြစ်သွားသည် ။ ပြေးဖို့ မမီတော့ဘဲ ချစ်လွင်လက်ထဲ စက္ကူထုပ် ပါသွား၏။

ချစ်လွင်က စက္ကူကိုဖြေကာ အထဲက ဆိတ်သားပတ်ဖ်ကို မျက်လုံးကြီးပြူးပြီး ကြည့်လိုက်တာမို့ အနီးတစ်ဝိုက်မှာ ရယ်သံတွေ လွှမ်းသွားရသည် ။

မိုးစက် မျက်နှာတစ်ခုလုံး တွတ်တွတ်ရဲသွားကာ ပါးစပ်လေးကွယ်ပြီး ရယ်နေသော မြူ့ကို ကြည့်လိုက်မိသည် ။

မြူက မိုးစက်ပုံစံကို သနားလည်း သနား။ မရယ်ဘဲလည်း မနေနိုင်တာမို့ အရမ်းပဲရယ်နေမိသည် ။

မိုးစက်ခမျာတော့ တိုက်ပုံထဲက ဆိတ်သားပတ်ဖ်ကြီး ထွက်လာတာ

ဗွီဒီယိုကင်မရာထဲ ထင်းထင်းကွင်းကွင်း သက်သေပစ္စည်းနှင့်တကွ ပါသွားရတော့သည် ။

*****

"မြူရေ…ရိုးကို ထမင်းစားဖို့ ခေါ်လိုက်ပါ"

မာမီ့စကားသံကြောင့် မြူက ဖတ်လက်စ မဂ္ဂဇင်း စာအုပ်ကိုချကာ အပေါ်ထပ်ပြေးတက်ခဲ့သည် ။ ရိုးအခန်းကို အလာ မိုးရဲ့ အခန်းကို အရင်ဖြတ်ရတာမို့ ဟ ထားသော တံခါးကြားမှ မိုးအခန်းထဲကို လှမ်းကြည့်လိုက်သည် ။

"မိုး…"

မြူ က အခန်းထဲ လှမ်းဝင်ရင်….

"မိုး ဘာလုပ်နေတာလဲ"

"ဒီအင်္ကျီဝတ်ရင် အဆင်ပြေလား ကြည့်နေတာ"

"ဘယ်သွားစရာရှိလို့ အဲဒါဝတ်မှာ လဲ"

"ရုပ်ရှင်မင်းသမီး ငွေပုလဲက တနင်္ဂနွေနေ့ အင်းလျားလိတ်မှာ မင်္ဂလာဆောင်မယ် ၊ ငါ့လည်း ဖိတ်ထားတယ်"

"အမယ်…ဖတ်ထားတာလား၊ နင့်ကို အလှပြင်ပေးဖို့ ခေါ်တာလား"

"ဖိတ်တာပါ၊ ဒီတစ်ခါ ငါမပြင်ရပါဘူး။ ငါက ညွှန့်သည် လုပ်ပြီး သွားရမှာ နောင်ကတောင် လိုက်ချင်လွန်းလို့ ငါ့ကို လိုက်ရောနေတယ်"

မြူက ပခုံးလေး တွန့်ရင်း...

"နောင်ကလည်း တစ်မျိုး"

နောင်က မြူတို့ မောင်နှမ အားလုံးထဲမှာ အကြီးဆုံး။

"မိုးကတော့ တတိယသား၊ ယောက်ျားလေး ဆိုပေမဲ့ မိုး ဆိုသည့် မိုး လုံးမှိုင်းက အလှပြင်သော အလုပ်ကိုမှ ဝါသနာပါသတဲ့ ။

"အဲဒီအလုပ်လုပ်သမျှ ယောက်ျားတွေက အခြောက်တွေများ တယ် မိုးရယ်၊ နင်က အခြောက်မဟုတ်ပေမယ့် လူတွေက အဲဒီလိုပဲ ထင်ကြမှ မလုပ်ပါနဲ့ နော်" လို့ မြူအခါခါ နားချဖူးပေမယ့် မိုးက လုံးဝလက်မခံ။

အင်းလေ ဒီလောက် ဝါသနာပါနေသည် ဆိုတော့လဲ လုပ်ပေ့ါ။ တ ည်တည်တံ့တံ့ ယောက်ျားပုံပန်းနှင့်ပင် သူ့လုပ်ငန်းက အောင်မြင်လွန်း ကာ အနုပညာ နယ်ပယ်ထဲအထိ ဝင်ဆံ့ နာမည်ကျော်ကြားနေလေသည် ။

"ကဲ...ကဲ ထမင်းစားမယ်တဲ့ မာမီခေါ်နေတယ်၊ မြန်မြန် ဆင်းတော့ ထမင်းရှူးပြီးနေပြီ"

မိုးက မြူနှင့်အတူ အခန်းပြင် ထွက်လိုက်လာသည် ။ အခန်းတံခါးက ဆွဲပိတ်လိုက်သည် နှင့် သော့ချပြီးသား။ ဖွင့်ဝင်ဆို့ သော့က အခန်းတံခါး အပေါ်ဘက်မှာ တပ်ထားသည့် ပုံးကလေးထဲရှိသည် ။

ပုံးကလေးက အတွင်းမှာ မီးနီထွန်းထားသည့် နို့နှစ်ရောင် မှန်ပုံးက လေး ။ တံခါးသော့ ကျနေလျှင် မီးနီကလေး လင်းနေသည် ။ တံခါးဖွင့် လိုက်သည် နှင့် မီးကလေးက မှိတ်သွား၏။

မှန်ပုံးကလေး မီးလင်းနေသည့် အခန်းဆို အတွင်းမှာ လူရှိရင်ရှိ။ ဒါ မှ မဟုတ် အခန်းရှင် အပြင်ထွက်သွားတာမျိုးဖြစ်မည်။ မီးနီနေသော အ

ခန်းကို ဘယ်တော့မှ မနှောင့်ယှက်ဖို့ ဒက်ဒီ မှာ ထားသည် ။ တံခါးခေါက်ခေါက်လို့ မရလျှင် ဘာမှ ထပ် အနှောင့်အယှက် မလုပ်ရ။

ဒက်ဒီက ဒီလို အမိန့်ချမှတ်ကာ သားသမီး ခုနစ်ယောက်လုံးကို လွတ်လပ်စွာ ထားသည် ။

"နင် ဆင်းနှင့်မိုး၊ ရိုးကို ခေါ်လိုက်ဦးမယ်"

မိုးက ခေါင်းညိတ်ကာ ထွက်သွား၏။

"ရိုးနွယ်မြဖြူ" ဆိုသည့် မှန်ပုံးကလေးအောက် မြူက ရပ်လိုက်သည် ။ မှန်တံခါး အတွင်းဘက်က အပြာရောင် ခန်းဆီးစ အတူချထား၏။ မြူက တံခါးခေါက်သည် ။

"ရိုးရေ"

"ဘယ်သူလဲ"

"မြူ"

ပြေးလာသော ခြေသံနှင့်အတူ တံခါးက ချပ်ခနဲ ပွင့်သွားလျက် မီးကလေးပိတ်သွားသည် ။

"ဘာလဲ"

"ထမင်းစားရအောင်တဲ့ မာမီက"

"မဆာသေးဘူးလို့ ပြောလိုက်"

"ဆယ့်တစ်နာရီ ရှိနေပြီ ရိုးရဲ့ "

မြူက အပြုံးလေးနဲ့ ပြောပေမယ့် ရိုးကနှုတ်ခမ်းလေးကို မဲ့ပစ်လိုက်သည် ။ ခေါင်းခါလိုက်တာမို့ ငယ်ထိပ်မှာ ထောင်နေအောင် ညှပ်ထားသည့် ဆံပင်ကလေးတွေ လှုပ်သွားသည် ။ လည်ကုပ်ကလေးတစ်ခုလုံး

ပေါ်အောင် တိုနိုင်သမျှ တိုတိုကပ်ကပ် ညှပ်ထားသည့် ဆံပင်ကြောင့် ရိုးက မြူထက်တောင် အငယ်လို့ ထင်ရသည် ။

ပြီးတော့ ရိုးက ဘောင်းဘီတွေ စကပ်တွေ ဝတ်လေ့ရှိတာမို့ ကလေးလို ဖြစ်နေ၏။ ဆရာဝန်မကြီးဖြစ်ကာနီးလို့ လုံးဝထင်စရာမရှိ။

အင်း ရိုးဆေးခန်းထိုင်သည့်အခါမှာ ခုလိုပဲ ဘောင်းဘီတို ဘောင်းဘီစကတွေ ဝတ်မှာ ပဲလား မသိဘူး...ဟု မြူကတွေးရင်း...

"ဝက်သားကို အချိုနှပ်ထားတာ မြူတွေ့ခဲ့တယ်၊ မွှေးနေတာပဲ"

"ဟာ...မဆာပါဘူးဆိုဟာ၊ သိပ်လျှာရှည်တာပဲ ။ ငါ မအားဘူး"

ရိုးက တံခါးစောင့်မပိတ်တော့ဘဲ ရှေ့က လှည့်ထွက်ပြီး အခန်းထဲ ပြန်ဝင်သွားတာမို့ မြူကပါ နောက်ကလိုက်ဝင်လာခဲ့သည် ။ ဘောင်းဘီစက အသားရောင်ကလေး ဝတ်ထားပေမယ့် ရိုး၏ ခန္ဓာကိုယ် ဖွံ့ထွားမှုက ပျောက်မသွား၊ ပိုတောင် သိသာနေသည် ။

ရိုးက ကိုယ်လုံး တအားလှတာ။ မြူလို တဖြောင့်မဟုတ်၊ တစ်ခါတစ်ရံ စိတ်လိုလက်ရ ဗမာအင်္ကျီပုံပါတိတ် ဝမ်းဆက်ကလေးတွေ ဝတ်လျှင် မြူတောင်မှ ငေးကြည့်ကာ အသက်ရှူဖို့ မေ့ရသည် ။ ပျော့ပျောင်း အိထွေးကာ ကောက်ကြောင်းပေါ်နေသော ကိုယ်လုံးလှလှလေးပါပဲ။

"စာကျက်နေတာလား"

"ဟုတ်တယ် မနက်ဖြန် ငါ့အတွက် အရေးကြီးတဲ့ နေ့"

"စာမေးပွဲရှိလို့ လား"

" မဟုတ်ဘူး ။ ကလေးမွေးရမှာ ၊ ဒီတစ်ခါ ငါပထမဆုံး အတွေ့အကြုံပဲ၊ အရမ်းလဲ ရင်ခုန်နေတယ်။ မမှားအောင် စာပြန်ဖတ်နေ

တာ"

"ဟင် ကြောက်စရာကြီးနော်၊ မမွေးလို့ မရဘူးလား"

"နင် နားမလည်ပါဘူး။ ဘယ်ရမလဲ သွားဟာ စာကျက်လိုက်ဦးမယ်"

မြူက ဆက်မနှောင့်ယှက်ချင်တော့တာကြောင့် လှည့်ထွက်ခဲ့သည် ။

"တံခါးပြန်ပိတ်သွား" ဟု ရိုးကလှမ်းပြောတာမို့ တံခါးကိုပိတ်ပေးခဲ့သည် ။ မြူအောက်ထပ် ရောက်တော့ တချို့က ထမင်းစားနေပြီ။

မေမေကြီးက စားပွဲထိပ်မှာ ထိုင်နေသည် ။ ဒက်ဒီအိမ်မှာ စားလျှင် ဒီဘက်တစ်ဖက်ထိပ်မှာ ထိုင်လေ့ရှိသည် ။ ဒက်ဒီမရှိတော့ နောင်က ခပ်တည်တည် ဝင်ထိုင်နေ၏။

"မချွန် ဝက်သားဟင်းက ပေ့ါရွတ်နေတာပဲ"

"ပဲ ငံပြာရည်လေး နည်းနည်းထည့်ပြီး မီးဖိုပေါ်ပြန်တင်ပေးရမလား နောင်"

"တော်ပါပြီ၊ ဘယ်အချိန်သွားစားရမှာ လဲ"

နောင်က ထုံးစံအတိုင်း မှုန်ကုပ်ကုပ်ကြီး ။ လက်ကြီးထမင်းထဲနှစ်ကာ စူပုပ်ပြီး ထိုင်နေသည် ။

"ကြက်ရိုးစ်လေးနဲ့ စားပါလား နောင်၊ ဒီဟင်းက နည်းနည်းလေးတယ်"

မာမီက နောင့်ပန်းကန်ထဲ ကြက်သားပေါင်တစ်တုံး ခပ်ထည့်ပေးသည် ။ နောင်က ကျေနပ်ပေမယ့် ခပ်တည်တည်။

"အဲဒီကို နောင်က သိပ်ချေးများ တာပဲ"

အငယ်ဆုံး ညွှတ်က မျက်စောင်း ဝင်ထိုးတော့ မာမီက ညွှတ်ခေါင်း

ကို အသာအယာ ပုတ်ကာဟန့်တားသည် ။လွတ်သော တစ်နေရာမှာ မာ မီက ဝင်ထိုင်ရင်း....

"မမ ငါးပိချက်မှီလား"

"အင်း မှီတယ်...မှီတယ်"

မေမေကြီးက ခေါင်းညိတ်သည် ။ မာမီကတော့ စံပြပါပဲလေ။ မေမေကြီးကိုလည်း မမ...မမနှင့် တည့်အောင်ပေါင်းတတ်သည် ။ မာမီ မို့သာ ပါပဲ။ တခြားလူမို့လို့ ကတော့ ဘယ်မေမေကြီးနဲ့ အဆင်ပြေမလဲ။

ပထမမိန်းမနှင့် ဒုတိယမိန်းမဆိုတာ အဆင့်ချင်းက ကွာပါဘိ။

မာမီက သဘောကောင်းကလေးပါ။ အတိတ်ကံမကောင်းလို့ သာ ဒီဘဝမှာ ဒက်ဒီ့မိန်းမ အငယ်ဆုံးလာဖြစ်ရတာ နေမှာ ။ မြူကတော့ မာမှီ ကို မေမေကြီးထက် ပိုချစ်သည် ။ ကိုယ့်အမေရင်းလိုသဘောထားရမည် ဆိုလျှင် မာမှီအပေါ်ထားချင်သည် ။

မြူတို့ မှာ က အမေမှ မရှိတော့တာပဲလေ။ မြူကိုမွေးပြီးကတည်းက မြူ့မေမေဆုံးပါးသွားခဲ့တာ။ မြူ့မှာ အမေဖြစ်သူကို ဓာတ်ပုံထဲမှာ ပဲ မြင်ဖူးသည် ။ မြူတို့ အမေက ဒက်ဒီ့ဒုတိယဇနီးပါ။

မြူက ထမင်းစားရင်း ထူးဆန်းသော မြူတို့ မိသားစု အကြောင်းကို တွေးနေမိသည် ။

ဒက်ဒီက တကယ့်လူထူးလူဆန်းပဲ။ ဒက်ဒီ့နာမည်က ဦးမှိုင်းဝေတဲ့ ။ နာမည်က တော်တော်ပဲ ကဗျာဆန်သည် ။

ဒက်ဒီ ငယ်ငယ်မွေးခါစက ဒီနာမည် မဟုတ်ဘူး ဟု ဒက်ဒီပြောဖူးသည် ။ ဆယ်တန်းဖြေမှ ဒက်ဒီပြောင်းယူလိုက်တာတဲ့ ။

ဒက်ဒီက နာမည်လှလှ မှ ည့်ရတာ စိတ်ဝင်စားသည် ဟု ဆိုသည် ။ သူ့သားသမီး ခုနစ်ယောက်စလုံးကိုလည်း နာမည်တစ်မျိုးတွေ မှ ည့် ထားတာ ကြည့်ပါလား..

ဒ က် ဒ ီ မှ ၁ မိန်းမသုံးယောက်ရှိသည် ။ ပထမဆုံး မိန်းမက ဒေါ်မမကြီး၊ ဒက်ဒီ့ထက် အသက်နှစ်နှစ် ပိုကြီးသည် ။ ဒက်ဒီကိုယ်တိုင် မမဟု ခေါ်ကာ...။

ဒုတိယမိန်းမ မြူတို့ မေမေ။ အသက်နှစ်ဆယ့်နှစ်နှစ် အရွယ်မှာ မြူ့ ကို မွေးရင်း ဆုံးရသည် ။ ခုဆို မေမေရှိရင် လေးဆယ့်သုံးနှစ် ဒက်ဒီနှင့် ယှူတုန်းက ဒက်ဒီက မေမေထက် ခုနစ်နှစ် ပိုကြီးသည် ။ မေမေသည် ဘွဲ့ရခေတ်ပညာတတ် မိန်းမတစ်ဦးဟု ဒက်ဒီ ပြောပြဖူးသည် ။

ဘာကြောင့်များ ဒက်ဒီ့ကို ယူပါလိမ့်။ တစ်ခုရှိတာက ဒက်ဒီသည် အ သက်နှင့်မမျှအောင် နုပျိုချောမောလျက် စကားပြော ချိုမြပျော့ပျောင်းလွ န်းသည် ။ မိန်းမ ကျလောက်သော ယောကျ်ားမျိုးပါပဲ။ စိတ်လဲ အလွန်ရှ ည်သည် ။ ဒေါသထွက်ခဲသည် ။ အရာအားလုံးကို ခေါင်းအေးစွာ ကျော်ဖြတ်နိုင်မည့်ပုံရလျက်၊ ဘာမဆို လုပ်နိုင်စွမ်းမည့် အရည်အချင်း က မျက်ဝန်းမှာ ပေါ်နေသည် ။

ခင်ပွန်းသည် အဖြစ် ယုံစားအားကိုးလောက်သူပါပဲ။ ပိုက်ဆံရှာက လည်း အလွန်ကောင်းတော့ လူလွတ်မဟုတ်ပါလား ဆိုသည့်အချက်ကို မေမေရော မာမီပါ မျက်စိမှ ိတ်ပစ်လိုက်ကြသလား မသိ။ ဒက်ဒီ့ကိုယူ တော့ မေမေ့ကို ဆွေမျိုးမိဘ အားလုံးက အမွေဖြတ်ပစ်လိုက်ကြသည် ။

မာမီလည်း ဒီလိုပါပဲ။

မာမီရောက်လာပုံကို မြူရေးတေးတေး မှတ်မိသည် ။ မြူငါးနှစ်သမီး ပဲ ရှိပါသေးသည် ။ မာမီက ဒက်ဒီနောက်လိုက်လာတော့ ဆယ့်ရှစ်နှစ် ပြ

ည့်ရုံလေး ရှိသေးသည် ။ တက္ကသိုလ်မှာ ဒုတိယနှစ် ကျောင်းသူကလေး ။ မလိမ်မိုးမလိမ်မာ သူကိုယ်တိုင် ကလေးသာသာ။

မာမီ့ မိဘဆွေမျိုး အသိုင်းအဝိုင်းက ဒက်ဒီ့ကို တွေ့ရာသင်္ချိုင်း ဓားမဆိုင်း ၊ မြေလှန်ရှာကာ အတင်းခွဲဖို့ ကြံစည်သည် ။ ရုံးတွေ ဂတ်တွေရောက်ရသည် ။

မာမီက ဒက်ဒီ့လက်ကို ကျစ်ကျစ်ဆုပ်ကိုင်ကာ ဘယ်လိုမှ ဆွဲခေါ်လို့ မရဘဲ...

"နှင်းနှင်းတို့ ကို မခွဲပါနဲ့ ၊ နှင်းနှင်းကို အစ်ကိုကြီးက အတင်းအကျပ်ခေါ်တာ မဟုတ်ပါဘူး။ နှစ်ဦးသဘောတူ လိုက်တာပါ။ အစ်ကိုကြီးကို နှင်းနှင်းချစ်လို့ လိုက်လာတာ ပါ။ အစ်ကိုကြီးကို ဘာမှ မလုပ်ပါနဲ့ နော်"

တတွတ်တွတ် ပြောနေခဲ့သည် ဆိုပဲ။

မြူကို ဒီအကြောင်းတွေ မေမေကြီး ပြောပြတော့ မြူဆယ်တန်းလောက်ရောက်ပြီမို့ တွေးခေါ်စဉ်းစားတတ်နေပြီ။ မာမီ မိုက်လုံးကြီး လိုက်လေဟု ဒေါ်မနသဖြစ်နေရသည် ။ ဘယ်လိုတိမ်သလ္လာတွေက မျက်စိရှေ့ ပိတ်ဖုံးသွားပါလိမ့်။ ဒက်ဒီ့မှာ မိန်းမတစ်ယောက်ရှိတာ တစ်ယောက်သေသွားတာ မာမီသိသိကြီးနှင့် အလျင်ဘဝက ဝဋ်ကြွေးရှိလို့ သာ အမှန်ကို မမြင်နိုင်တော့တာ ဖြစ်မည်။

ဒီလိုစကားတတ်တတ် အသက်ကလည်း ဆယ့်ခြောက်နှစ်ကွာသော မာမီ့ကို ဒက်ဒီကလည်း အရမ်းအရေးပေးသည် ။ ခုထိ အိမ်ပြန်ရောက်လျှင် "မမရေ " ဟု ဘယ်တော့မှ မခေါ်။ "နှင်းနှင်းရေ" ဟု အော်မြည်ကာ အိမ်ပေါ်တက်လာတတ်သည် ။

မေမေကြီး အခံတော့ခက်မည်ပေ့ါ။ သို့ပေမဲ့ ဘာမှ မပြောပါ။ ဒက်ဒီ

ကိုယ်တိုင်က မေမေကြီးကိုတော့ နေရာပေးရသည် ။ မေမေကြီးက ရသောနေရာကို ခန့်ခန့်ယူကာ မနာလိုအူတိုပုံကို ကလေးကလား မပြတော့တာပါပဲ။

ဒက်ဒီက ဆန်းပြားသည် ။

ခုထိ....ပြောတတ်သော စကားက...

"မိန်းမ တွေ့ထဲမှာ မမကိုတော့ ကြောက်ရတယ်။ စုကိုတော့ အမြတ်နိုးဆုံး၊ နှင်းနှင်းကိုတော့ သနားချစ်ကလေး ချစ်ရတာ၊ နှစ်ယောက် အနီးမှာ ရှိနေတော့ မရှိတော့တဲ့ စုကို အောက်မေ့တာ သတိရတာ အမှန်ပဲ"

အိမ်မှာ မေမေကြီးတို့ မာမီတို့ ဓာတ်ပုံကို ထောင်ထားလေ့မရှိ။ မြူတို့ မေမေ ဒေါ်စုစုသက် ဓာတ်ပုံကို ဒက်ဒီက သူ့အခန်းထဲမှာ စားပွဲပေါ် ထောင်ထားလေသည် ။

မာမီတို့ အံ့သြစရာကောင်းပုံက -

"မြူတို့ မေမေကို အစ်ကိုကြီးက သိပ်ချစ်ရှာတာ၊ ခဏပဲပေါင်းလိုက်ရတာ၊ မာမီစိတ်မကောင်းဘူး။ မမက လူကြီးလိုနေတော့ မာမီ့မှာ အဖော်မရှိဘူး၊ မြူတို့ မေမေ မမစုရှိရင် အရမ်းပျော်စရာကောင်းမှာ ပဲ" ...တဲ့ ။

အံ့ဖွယ်သုတပါပဲ။

မိန်းမသုံးယောက်ရှိသော ဒက်ဒီ့မှာ သားသမီး ခုနစ်ယောက်ရှိသည် ။ ယောက်ျားလေးတွေကို ဒက်ဒီက မှိုင်း ဆိုသည့် စာလုံးထည့်မှ ညှိထားသည် ။

နောင်ထွန်းမှိုင်း၊ ရိုးနွယ်မြဖြူ၊ မိုးလုံးမှိုင်း၊ တိမ်ညိုမှိုင်း၊ မြူမင်း

လွင်ထန်၊ စစ်ပန်မှိုင်း၊ ကြာညွတ်မယ်တဲ့ ။

နောင်ရယ်၊ ရိုးရယ် ၊ တိမ်ရယ်က မေမေကြီးက မွေးတာ။ ရိုးနှင့် တိမ်အကြားက မိုးရယ်၊ မြူရယ်ကမေမေ့သမီးနှစ်ယောက်ဖြစ်ပြီး အငယ်လေးနှစ်ယောက် စစ်နှင့်ညွတ်တို့ က မာမီ့ရင်သွေးလေးတွေပါ။

မောင်နှမ ခုနစ်ယောက်ထဲမှာ ရိုးက မြူကို မတိမ်းမယိမ်း မိန်းမချင်းမို့ တစ်ခါတစ်ရံ ပြိုင်ဆိုင်တတ်၊ စောင်းချိတ်တတ်၊ ညှိုးဖွဲ့တတ်ပေမယ့် ကျန်တာတွေ အားလုံးချစ်ခင်ရင်းနှီးပါသည် ။

နောင်က ဘွဲ့ရပြီးပြီ၊ အသားညိုညို၊ အရပ်ကငါးပေခုနစ်လက်မလောက်ပဲ ရှိလျက် မပိန်မဝ၊ ရုပ်ကတော့ ဖြောင့်သည် ။ ပိုက်ဆံသိပ်သုံးကာ အိမ်မှာ ဆို ဒေါသကုမ္ဘာရ၊ အပြင်မှာ တော့ ချိုပြုံး၊ ဗွီဒီယိုမင်းသားသိပ်ဖြစ်ချင်သည် ။ အဲဒီလောကနှင့် လိုက်ရော၊ လိုက်လုံးကာ သူများမြှောက်ပေးတိုင်း ဓာတ်ပုံအလှတွေရိုက်ကာ ဟိုပို့သည် ပို့။

ဒက်ဒီက ပိုက်ဆံတစ်လုံးတစ်ခဲ ထုတ်မပေးတော့ တစ်ကားသီးသန့်မရိုက်နိုင်။ ဒါပေမဲ့ အတော်အသင့်တော့ ပိုက်ဆံစိုက်ထုတ်နိုင်တာမို့ နောင်က မင်းသားသူငယ်ချင်းအခန်းလောက်တော့ ပါနေရသည် ။ မိတ်ဆက်စာတွေ ပြန်။ ဓာတ်ပုံတွေ ပြန်ပို့ကာ မှန်တကြည့်ကြည့်နှင့် ရှူးများ တတ်သည် ။ သူ့ကို မြှောက်ပင့်ပြောလျှင် တကယ်ယုံကာ သွားတွေဖော်ပြီး ကျေနပ်နေတတ်သူ။ အသက်က ၂၅။

ရိုး…။

ရိုးကကျတော့ နှစ်ဆယ့်သုံးနှစ်။ ဆေးတက္ကသိုလ်မှာ တက်နေဆဲ။ စာကျက်နိုင်လွန်းလို့ သာ ဆေးတက္ကသိုလ်ဝင်သူဖြစ်ပြီး ဆေးပညာကို စိတ်ပါလှတာ မဟုတ်။ အိမ်မှာ တစ်ယောက်ယောက်လက် ဓားရှတာကိုပင် အရက်ပြန်ဆွတ်မပေးရဲတဲ့ သူ။ မနက် အစောကြီးထကာ တစ်အိမ်

လုံး အိပ်မရအောင် သီချင်းဖွင့်ပြီး အီရိုးဘစ် ကတတ်သည် ။

အသားက နှောင့်လိုပဲ နည်းနည်းညိုသည် ။ ကိုယ်လုံးက အလွန်လှသည် ။ ဆံပင်ကို အတိုဆုံးညှပ်ကာ နားရွက်မှာ ကြောက်စရာ နားကပ်ကြီးများ တတ်လျက် အင်္ကျီဖရိုဖရဲတွေ ဝတ်တတ်သည် ။ ကျောင်းသွားလျှင် မတတ်သာသောကြောင့် လုံချည်ဝတ်ရပေမယ့် အိမ်နေရင်းနှင့် တခြားလမ်းတွေကို စကပ်အတိုအရှည် ဘောင်းဘီ အတိုအရှည်ကို မရှိုးအောင် ဝတ်တတ်သည် ။ အရပ်က ၅ - ပေ၊ ၂ -လက်မ လောက်ပဲရှိတာမို့ ပင်ဆယ်လ်ဟီးလ်ဖိနပ်လေးတွေကို အသည်းယားစရာ ဝတ်တတ်သည် ။ လူတော်တော်များများ နှင့်မ တဲ့ ။ မာနက မိုးထိသည် ။ သူတို့ကျောင်းမှာ တော့ ကွင်းတဲ့ ။

မိုး…။

မိုးက ယောကျ်ားလေး တစ်ယောက်ရယ်လို့ လမ်းများ အိမ်လည်တတ်သူမဟုတ်ဘဲ အိမ်မြဲမြဲနှင့် သဘောလည်း အလွန်ကောင်းတာမို့ တည့်သည် ။ အလှကိုယ်တိုင် ပြင်ပေးသူဖြစ်လျက် ယောကျ်ားစင်စစ်သာ ဖြစ်တာကြောင့် ကျောင်းသူအရွယ် မိန်းမလှလေးတွေ တော်တော်များများ ခြံထဲက အလှပြင်ဆိုင်မှာ အဝင်အထွက် များ ရတော့သည် ။

အားအားရှိ ဖုန်းဆက်ရက်ချိန်းယူသော မိန်းကလေးတွေကို အသံချိုသြသြနှင့် လိုက်လျောကြင်နာစွာ စကားလက်ခံပြောတတ်သူ။

ကျောင်းပြီးကတည်းက အလှပြင်သင်တန်းတက်ကာ အလှပြင်ဆိုင်ဖွင့်သည် ။ ခြံထဲမှာ ပဲ သူ့ဖို့ ဆိုင်ခန်းလေး လုပ်ပေးထားရသည် ။ အလှပြင်ဆိုင်ကလည်း စန်းထသည် ။ ရုပ်ရှင်မင်းသမီးတွေ အဆိုတော်တွေ တော်တော်များများ လက်ခံအားပေးသော မိုးပါပဲ။

ဒီတော့ ဒီလောကနှင့် လုံးချင်သော နှောင်က မိုးကို ချော့ပေါင်းကပ်

ပေါင်းထားရသည် ။ မိတ်ကပ် ဆံပင် မိုးလုံးမှိုင်းဆိုသည့် ဘွဲ့ကလေးက အနုပညာနယ်မှာ တော်တော် နေရာယူနေပြီ။ တစ်အိမ်လုံးက ဆံပင်တွေလည်း သူပဲ အကုန်ညှပ်ပေး ကောက်ပေးတာ။ အလှ ကြိုက်လွန်းသော ရိုး၊ မြူနှင့်ညွတ်တို့ ညီအစ်မသုံးယောက်အတွက် ရေကန်အသင့် ကြာအသင့်ဖြစ်နေရ၏။ မိုးက ၂၂ နှစ်။

တိမ်....။

တိမ်ကတစ်မျိုး။ ဘဝင်က ဘဝဂ်ရောက်နေသည် ။ ဒက်ဒီ့သားသမီး ခုနစ်ယောက်စလုံး ထုံးစံအလှကြိုက်တာကတော့ တူညီသည် ။ တိမ်က တော်ရုံလူကို မပေါင်း။ မာနအလွန်ကြီးသည် ။ သူ့ကိုယ်သူ စာတော်လှပြီ ထင်ပေမယ့် ဒီလောက်လည်း တော်တာမဟုတ်။ ဆယ်တန်း အောင်တော့လဲ မက်စ်ပဲရသည် ။ ဒါကိုပဲ သူက သင်္ချာဘာသာကို ကြိုက်လွန်းလို့ ရွေးယူသလိုလို ဖြစ်အောင် လုံးချပြီး ပြောတတ်သည် ။

အသားဖြူနုကာ ခပ်နုနုယောကျ်ား ။ ဒရိုင်ဘာမောင်းသောကားကို နောက်ခန်းက စီးသည် ။ သူ့ကို မိန်းကလေးတွေ ဝိုင်းဝန်း စိတ်ဝင်စားသည် ဟု ယူဆနေတတ်သူလည်း ဖြစ်သည် ။ ဘယ်သူ့ကိုမှ သူကစ စိတ်ဝင်စားစရာမလိုဘူးဟု ဆုံးဖြတ်ထားသလို ခပ်မာမာနေသည် ။

ကံကောင်းထောက်မစွာ ဖိုင်နယ်အောင်အပြီးမှာ ကွာလီဖိုင်းဖြစ်တော့ ဘဝင်ကို ပိုမိုလေဟပ်သွားလေသည် ။ ကျောင်းစာကြည့်တိုက်က စာအုပ်ထူကြီးတွေ ငှားချလာတတ်သည် ။ ကျန်းမာရေး ဂရုစိုက်သူဟု ကြံဖန်ဂုဏ်ယူကာ သူစားမည့် အစာကိုဇယားချ ဆွဲထားတတ်၏။ ခပ်ကြောင်ကြောင် တစ်ယောက်တည်း နေတတ်သည့် တိမ်ပါပဲ။

မြူ -

မြူက တိမ်နှင့် မတိမ်းမယိမ်း ။ နှစ်ဆယ့်တစ်နှစ်။ တိမ်လိုပဲ သတ္တ

ဖေဒအဓိကနှင့် မြူ က ကွာလီဖိုင်းအတန်းတက်နေသည် ။ ပျော်တတ်သည် ။ ကျောင်းမှာ လည်း သူငယ်ချင်းတစ်အုပ် အော်ဟစ်ပြောင်လှောင်နေတတ်တာမို့ လူမျက်စိနောက်စရာဖြစ်သည် ။

မြူက အားလုံးနှင့် တည့်အောင်ပေါင်းသည် ။ ရိုးကိုတောင် အလိုက်ထိုက် သည်းညည်းခံသည် ။ အသားက မိုးလောက်မဖြူ။ အရပ်က ၅ ပေ ၄ လက်မလောက် ဆံပင်ရှည်ကို ကျောင်းမသွားခင် မိုးအခန်းထဲ ဝင်ပြီး တစ်မျိုးပြီးတစ်မျိုး မရိုးရအောင် နေ့စဉ် ပြင်သည် ။

သို့ပေမဲ့ မြူက ယောက်ျားလေးကိစ္စ ခုထိကင်းရှင်းသည် ။ ရိုးလို အတွဲမများ ။ တိမ်လို မတူမတန် သဘောနှင့်တော့မဟုတ်။ ကလေးလုပ်ချင်သေးတာမျိုးပါပဲ။ အိမ်မှာ ဆိုလည်း အငယ်နှစ်ယောက်နှင့်သာ မြူက ရောပစ်တာ ပိုသည် ။ ဒက်ဒီ့ကို အမေကိုယ်စားပါ တိုးပြီးချစ်ရတာမို့ ဒက်ဒီ့ဝေယျာဝစ္စမြူပဲ လုပ်ဖြစ်သည် ။ ဒက်ဒီ့မိန်းမ သုံးယောက်ယူထားတာကိုတော့ ရှက်ရွံ့စွာ မလိုအပ်ဘဲ ထုတ်မပြော။ အားလုံး ဖအေတူ အမေတူ အရင်းတွေလို ရောချထားတတ်သည် ။

မာမီက ငယ်လွန်းတော့ မယုံသင်္ကာ မေးချင်သော အရင်းဆုံး သူငယ်ချင်းများကိုတော့ နည်းနည်းပါးပါး ပြောပြရသည် ။ တတ်နိုင်သမျှ မြူက လျှို့ဝှက်ထားတတ်သည် ။

စစ်...။

ဆယ့်ငါးနှစ် ဆယ်တန်းကျောင်းသား။ အရပ်က ၅ ပေ ၉ လက်မမို့ မိုးထိုးနေသည် ။ အစ်ကိုတွေ အားလုံးထက်မြင့်သည် ။ သူလည်း ထုံးစံအတိုင်း အတော်လှချင်သည် ။ သူလည်း သူ့ဟာနှင့်သူ သူ့ကျောင်းမှာ တော့ နာမည်ကြီး။

ရည်းစားက အရွယ်နှင့်မလိုက်အောင် အများကြီးထားသည် ။

ထားပြီဆိုလည်း တက္ကသိုလ်က မမတွေကို မှ ။ ရယ်စရာအရမ်းပြောတတ်သည့် ကလေး။ အားလျှင် စက်ဘီးတစ်စီးနှင့် ကြမ်းပိုးထိုးချင်ထိုး။ ဖုန်းဆက်လျှင် ဆက်။ ဒါပဲလုပ်တတ်သည် ။ စစ် ဖုန်းပြောလျှင် ဘယ်တော့မှ ခဏနှင့်မပြီး။ အိမ်ကို ဖုန်းဆယ်ခါလာလျှင် စစ် ဖုန်းက ခုနစ်ကြိမ်လောက်ပါတတ်သည် ။

ညုတုတု ခွဲတဲတဲ လုပ်တတ်သည် ။ မာမီ မသိအောင်လဲ စီးကရက်ခိုးသောက်ချင်သည် ။ သူ့အခန်းထဲမှာ ဆိုဖီပုံတွေ နေရာလပ်မကျန်အောင် ကပ်ထားသည် ။ ဆိုဖီလိပ်စာကို မဂ္ဂဇင်းတွေထဲက စုံစမ်း၍ နိုင်ငံခြားထိ စာလှမ်းရေးသည် ။ အားထုတ်ချက်ကတော့ မဆိုး။ သို့ပေမဲ့ အောင်မြင်ခြင်းတော့ မရှိ။ တစ်ဘက်နိုင်ငံမှ တုံ့ပြန်မှု မရ။ အမေရိကန်သူကိုမှ လှမ်းစိတ်ဝင်စားတာ ဆိုတော့ စိတ်နေမြင့်သူဟု ခေါ်လို့ ရသည် ။

ညွတ်...။

အငယ်ဆုံးမို့ တစ်ခါတစ်ရံ ဒက်ဒီက ဘေဘီညွတ်လေးဟု ခေါ်သည် ။ ဆယ့်သုံးနှစ် ရှစ်တန်းကျောင်းသူပေမယ့် ထွားကျိုင်း ဆယ့်ခြောက်နှစ်လောက် ထင်စရာ ရှိသည် ။ သူ့အင်္ကျီတွေက တစ်နေရာ မဟုတ်၊ တစ်နေရာတော့ အပေါက်ဖောက်ထားတတ်သည် ။ ထွင်ခြင်း တစ်မျိုးပါပဲ။

ကျောင်းဝတ်ရသော အင်္ကျီဖြူကလွဲလျှင် အင်္ကျီအပေါက်တွေချည်း။ ကျောင်းစိမ်း လုံချည်ကို တိုနေအောင် ဝတ်ကာ ခြေအိတ်လည်တွန့် အဖြူတိုတိုကလေးနှင့် ရှူးဖိနပ်အနက်စီးသည် ။ ကျောပိုးအိတ် လွယ်သည် ။ ဗိုလ်မရုပ်ကလေးနှင့် တူသည် ။

သူကလည်း အသလာ ၊ ပစ်ကနစ် ထွက်ရတာနှင့် ဂါးဒင်းပါတီ သွားရတာနှင့် လမ်းများ ချင်သည် ။ အငယ်ဆုံးမို့ တော်တော့သည် ။ သူက

သူ့ကိုယ်သူ ခုနစ်ယောက်ထဲမှာ အလှဆုံး ဆိုပဲ။

ပခုံးတစ်ဖက်ထဲ တွန့်ကာ မျက်တောင် တစ်ချက်ဖြည်းညင်းစွာ ခတ်လျက် စိတ်ပျက်လိုက်တာဟု ချွဲချွဲလေး ပြောတတ်သည့် ညွတ်ပါ။ အကျင့်ပါနေသည့် စကားမို့ ဘာစကားပဲပြောပြော ဆိုင်ဆိုင် မဆိုင်ဆိုင် စိတ်ပျက်လိုက်တာ ဆိုတာလေး ပါတတ်သည် ။

ညွတ်က ရိုးနှင့် နောင့်ကို ကြည့်မရသူ ဖြစ်သည် ။

သည် လိုတစ်ယောက်တစ်မျိုး ဖြစ်နေသော သားသမီးခုနစ်ယောက်ကို ဒက်ဒီက မျက်နှာမညိုးရအောင် အလိုလိုက်ကာ ပိုင်နိုင်စွာ ချုပ်ကိုင်ထိန်းသိမ်းနိုင်လေသည် ။

ဒက်ဒီ့ဩဇာက တစ်အိမ်လုံးပေါ်မှာ ညောင်းသည် ။ အဓိကက ငွေပါ ။ ဒက်ဒီ့မှာ တယ်လီဗေးရှင်း အရောင်းဆိုင်တစ်ဆိုင်ရှိသည် ။ သားရေလုပ်ငန်းနှင့် တွဲကာ ဖိနပ်ချုပ်လုပ်ငန်း တစ်ခုရှိသည် ။ ဒါပါပဲ။

တီဗွီဆိုင်ကလည်း မြို့ထဲမှာ ဆိုင်ခန်းသေးလေး။ သားရေစက် ရှစ်မိုင်ခွဲမှာ ဖိနပ်ချုပ်ရုံလည်း ဘာရယ် ညာရယ်တော့ မြူသေချာမသိ။ မြူတို့အိမ်မှာ တော့ ဒက်ဒီ့စက်ရုံက ဖြစ်လာသော သားရေစတွေနှင့် ချုပ်ထားသော ဆက်တီကူရှင်တွေ သုံးလေးစုံလောက်ရှိသည် ။

တစ်ပတ်တစ်ခါလောက် ဧည့်ခန်းမှာ အရောင်ပြောင်း အလှဆင်နိုင်သည် ။ ပြီးတော့ ဒက်ဒီ အလုပ်သမားတွေ လုပ်သည့်ဖိနပ်တွေ အိမ်မှာ သုံးရသည် ။ မြူတို့ စီးသော ရှူးဖိနပ်လေးတွေက အစ စလစ်ပါ အပါးလေးတွေလည်း ဒက်ဒီ့လုပ်ငန်းထွက်ပဲလေ။

ဒါတွေနှင့် မကာမိအောင် ဒက်ဒီ့ပုံစံက ငွေတွင်း ဖင်ခုထိုင်ထားရသလိုပါပဲ။ မုန့်ဖိုး အပေးကြမ်းသည် ။ လိုချင်တာရှိလျှင် နှစ်ခါ မပြောရ။

အရေးကိစ္စပေါ်လာလျှင် ဒက်ဒီက လျှပ်တစ်ပြက် ငွေထုတ်ပေးနိုင်သည် ။

မိုးအလှုပြင်ဆိုင်ဖွင့်မည်ဆိုတော့ တိုက်ခန်းငယ်လေး ခြံထောင့်မှာ ဆောက်ကာ ပစ္စည်းဝယ်ဖို့ ပိုက်ဆံခုနစ်သောင်း ချက်ချင်းထုတ်ပေးသည် ။

ကားကို အသစ်ပေါ်တိုင်း လဲစီးတတ်သော ဒက်ဒီပါ။ ဒက်ဒီဘာကြောင့် ဒီလောက်ချမ်းသာတာပါလိမ့်ဟု မြူ ကတွေးရင်း တယ်ဟုတ်တဲ့ ငါတို့ အဖေပါလားဟု မြူပြုံးတုံ့တုံ့ဖြစ်ရသည် ။

မြူ ထမင်းကိုဆွဲစားရင်း အတွေးတွေ လွန်ဆွဲမှာ ပင် အိမ်ရှေ့က ဒက်ဒီ့မောင်းနေကျ ပါလ်စာ ကားဟွန်းသံကြားလိုက်ရသည် ။ ကြာညွတ်မယ်လေးက စားလက်စဇွန်းချကာ....

"ဒက်ဒီ လာပြီ...ဒက်ဒီ လာပြီ"

အော်ဟစ် ပြေးထွက်ကြိုသည် ။ မာမီကလည်း ကမန်းကတန်းလက်ဆေးကာ အိမ်ရှေ့ထွက်လိုက်သွားတာကို မေမေကြီးက ပြုံးချင်သလို မျက်ဝန်းနှင့် တစ်ချက်လှမ်းကြည့်လေသည် ။

ဒီဘက် ပြန်အလှည့်မှာ မြူကြည့်နေတာနှင့် ဆုံသွားတာမို့ မြူက ရယ်ပြလိုက်သည် ။ မေမေကြီးက ခေါင်းညိတ်သည် ။

"နှင်းနှင်းတို့ က ဒီလိုလည်း လုပ်တတ်တယ်ကွာ၊ တို့ ကတော့ မလုပ်တတ်ပေါင် " ဟု မေမေကြီး မျက်ဝန်းတွေ ဆိုနေသယောင် ဖြစ်နေသည် ။

*****

# အခန်း (၂)

"ခွိခွိ ခွိ ...ဟား ..ဟား"

မိကျော်က အာပြဲကြီးနှင့် ရယ်သည် ။ ရယ်မယ်ဆိုလည်း ရယ်စရာ ၊ ဗွီဒီယိုထဲက မိုးစက်ပုံက ရယ်ဖွယ်ဖြစ်နေရသည် ။ မျက်နှာနီကာ အယောင်ယောင်အမှားမှား ပုံစံနှင့် ရှက်ရှာနေပုံကို မြူက ဆက်မကြည့်ရက်တာမို့ ဒက်ခ်က သွားပိတ်လိုက်သည် ။

"မြူဘာလုပ်တာလဲ"

"တော်တော့လေဟာ ခုနကပဲ အစအဆုံး တစ်ခေါက်ကြည့်ပြီးပြီ၊ တော်ပါတော့လား ဒီလူလည်း သနားပါတယ်၊ မင်္ဂလာဆောင်မှာ အရှက်ကွဲရတာကြီးက လူသိရှင်ကြား၊ အခွေကြည့်တဲ့ သူတိုင်း ရယ်တာကို ခံနေရရှာမယ်"

"သူ့ သိပ်သနားတတ်တာပဲ"

"ဘာဖြစ်လဲ"

"နန္ဒာ အဲဒီမိုးစက်ဆိုတာနဲ့ မြူကို ဖျန်းပက်ပေးလိုက်စမ်း"

နန္ဒာက ခေါင်းညိတ်ကာ ရယ်သည် ။

"ကိုချစ်လွင်နဲ့ တော်တော်ခင်တယ်လို့ ပြောတယ်၊ အေးတော့ အေးပုံ

ရတယ် သိလား၊ ဟိုတစ်နေ့ကလည်း ကြိုးတားတဲ့ အုပ်စုထဲ သူဝင် မပါဘူး၊ မလှမ်းမကမ်းမှာ ထိုင်ပြီး ကြိုးတားတဲ့ သူတွေကိုပဲ ရယ်နေတာ"

"ငါတို့ စတာ လွန်သွားပြီလား မသိဘူး ရွှေရွှေ"

"ဘာလွန်ရမှာ လဲ မလွန်ဘူး။ မြူနော် မြူ၊ နင်ဘယ့်နှယ် ဖြစ်နေတာလဲ၊ နန္ဒာပြီးတော့ နင်လား ဟုတ်လား"

"တော်စမ်းပါနော်၊ လူကိုများ ပညာမစုံခင် ကြင်ရာစုံတဲ့ လူ မှတ်လို့လား"

"ကောင်မစုတ်တွေ ငါ ဒီကျူဝမ်းကို ဆက်မတက်တော့ ဘာဖြစ်လဲ၊ ပို့စ်ဂရက်ဂျူအိတ်ပဲဥစ္စာ၊ ယောက်ျားလဲရပြီ၊ နောက်မှာ အမြီးရှည်ထည့်စရာ မလိုတော့ဘူး။ တစ်ဘွဲ့ထဲနဲ့ လုံလောက်ပြီ၊ အိမ်မှာ ထိုင်ပြီး ကိုချစ်လွင်ကိုပဲ ထမင်းချက်ကျွေးတော့မယ်၊ ငှဲ...ငှဲ"

"ပညာရေးနဲ့ ပတ်သက်လို့ ကတော့ တော်တော် နက်နက်နဲနဲ တွေးသားပဲ။ ဘွဲ့ရပြီး အိမ်ထိုင်နေမယ်တဲ့ ၊ ဘာလူငယ်လဲ၊ တိုင်းပြည်အတွက်လဲ ဘာမှ မလုပ်ပါလား"

"ကြီးကျယ်ပ့ါ မိကျော်ရယ်။ ကိုချစ်လွင်က ကျန်းမာရေးကုသပေးမယ့် ဝန်ထမ်းမဟုတ်လား၊ ငါဟာ တိုင်းပြည်အကျိုးသယ်ပိုးမှာ ၊ ငါက သူ့ကို ထမင်းချက်ကျွေးခြင်းအားဖြင့် သူ စိတ်ဖြောင့်ဖြောင့် ဗိုက်ဝဝ ဆေးကုသပေးနိုင်တဲ့ အတွက် ငါက တစ်ဖက်တစ်လမ်းက တိုင်းပြည်အကျိုးသယ်ပိုးရာမှာ အထောက်အကူပြုတဲ့ သဘောပေ့ါ"

"တော်တော် ဆက်စပ်ယူရပါလား"

ရွှေရွှေက ရှုံ့မဲ့ပြောတာမို့ အားလုံးရယ်မိသည် ။ နန္ဒာ့ယောကခ္မကြီး အိမ်ပေမယ့် နေ့လယ်ဘက်မှာ အိမ်မှာ လူမရှိတာမို့ အားနာစရာလူမရှိ။

မနက်ကတည်းက မြူတို့ သုံးယောက် ရောက်နေတာ။ ကျောင်းက လည်း ဧပြီအတွက် ပိတ်ရက်နီးပြီမို့ လူနည်းနေပြီ၊ အတန်းမတက်ဘဲ န န္ဒာ့အိမ်ကို ဖုန်းဆက်ကာ လာမည်ဟု ပြောပြီး ထွက်လာခဲ့ကြခြင်းပါပဲ။

"နန္ဒာ ဒီနှစ်ယောက်က သိပ်တွက်ကတ်တယ်ဟာ၊ ငါထမင်းဘူးကို သူ မသယ်ဘူး၊ ငါ မသယ်ဘူး လုပ်နေကြတယ်၊ နင်ရှိရင် နင်သယ်ပေး တာ၊ ကျောင်းပြန်တက်ဟာ"

"သြော်...တရားကျတယ်"

မိကျော်က မျက်လုံးပြူး အော်သည် ၊ မြူက ပါးစပ်လေးကွယ်ကာ ရ ယ်လိုက်၏။

"နင့်ဘူး နင့်ကိုင်ပေါ့၊ ငါတို့ ကပဲ တွက်ကတ်တဲ့ ဘဝ ရောက်ရသေး တယ်"

"နန္ဒာ့ကို ကျောင်းပြန်တက်ဖို့ ပြောနေတာ"

"တွေ့လား နန္ဒာ၊ နင့်ကို သူ့ထမင်းဘူး ကိုင်ခိုင်းဖို့ ကျောင်းတက်ခိုင်း နေတာ"

"ဘာဖြစ်လဲ ၊ နန္ဒာကျေနပ်ရင် ပြီးရော"

"နန္ဒာ မကျေနပ်နဲ့ ဟေ့"

"နင်တို့ နော်...နန္ဒာကျောင်းဆက်တက်ဖို့ ဝိုင်းပြောကြမယ်လို့ တိုင်ပ င်ခဲ့တာ မေ့ပြီလား၊ ဘာကြောင့်ပဲ ကျောင်းပြန်တက်တက် တက်ဖို့ လိုရင်းပဲ၊ င့ါကို သနားပြီး ပြန်တက်ရင် တက်မှာ ပေါ့"

"ဟား ဟား...ထမင်းဘူး မကိုင်နိုင်တဲ့ လက်ပြတ်မကြီးကို သနား တာလေးနဲ့ ကျောင်းတစ်နှစ်တက်ရမယ် ဟုတ်လား"

မြူက ရွှေရွှေကျောပြင်ကို ဖြန်းခနဲ ရိုက်ပစ်လိုက်သည် ။

"လာမရိုက်နဲ့ ၊ သွား…ဟို လူကြီးကို သွားရိုက်"

"ဘယ်လူကြီးလဲ"

"မိုးစက်ကြီး"

"မရိုက်ရက်ဘူး"

"ဟင်…ဘယ်လို မိန်းကလေးလဲ၊ ရှက်ဖွယ်"

မြူက မိကျော်ပုံစံကို မအောင့်နိုင်ဘဲ ရယ်ချင်လိုက်မိရင်း မျက်ဝန်းက ပြတင်းပေါက်ကို ကျော်ဖြတ်ကာ အပြင်ဘက်ရောက်သွားရ၏။

"လူတစ်ယောက်လာတယ် နန္ဒာရေ၊ ဧည့်သည် ထင်တယ်"

မြူသတင်းပေးတာကြောင့် နန္ဒာက ထိုင်ရာက ထလိုက်သည် ။ မြူတို့ က တစ်ယောက်ကိုတစ်ယောက် မှီကာလျှောကာ ထိုင်နေကြသည့်ပုံစံကို ပြင်ဖြစ်ပေမယ့် စကားကိုတော့ လက်စမသတ်နိုင်သေးဘဲ….

"မြူနော်…နင်နောက်တစ်ခါ အဲဒီ မိုးစက်ကို စိတ်ဝင်စားသလိုလို စကားတစ်ခွန်းပဲ ထပ်ပြော၊ ငါကိုယ်တိုင် သွားနားဖောက်ပေးမယ်"

"တိုင်းချူးပဲ၊ ငါကလေ သူ့အိတ်ထဲက မုန့်ကြီးထွက်လာတာရယ်၊ သူ့မျက်နှာဖြစ်သွားတာလေးရယ် ခုထိ မျက်စိထဲက မထွက်အောင် စွဲလမ်းနေပြီ ကဲ…ကဲ"

"အေးနော် ငါက လမ်းမတော် ကျောင်းမှာ ရအောင် သွားရှာပြီး တကယ်ပြောမှာ "

"ပြော"

မြူက ခပ်ပေ့ါပေ့ါပဲ နောက်ရှုတ် ရယ်မောရင်း ခေါင်းညိတ်လိုက်သ

ည် ။ ခေါင်းညိတ်ရင်းက နန္ဒာနှင့်အတူ အခန်းဝမှာ လာရပ်သော ညော့်သည် ကို တစ်ချက်လှမ်းပြီး ကြည့်လိုက်မိလေသည် ။

"ဟင်"

မြူမျက်နှာကလေး ဖြူဖွေးသွားရ၏။

ရှက်စိတ်မွှန်ကာ ခေါင်းကိုဆတ်ခနဲ ငုံ့ချလိုက်မိသည် ။ သည် တော့မှ ရွှေရွှေတို့ ကလည်း လှည့်ကြည့်ဖြစ်ကာ နှစ်ဦးသား မိုးစက်ကိုမြင်တော့ လျှာတွေ တစ်လစ်ထွက်သွားရသည် ။

"ဩော်...တစ်ယောက်တည်းလား"

ရွှေရွှေက ချက်ချင်းလို မျက်နှာပိုးသတ်ကာ မေးလိုက်သည် ။

နန္ဒာကတော့ အသံထွက်အောင် ရယ်ကာ....

"ထိုင်ပါ ကိုမိုးစက်၊ သူတို့ နဲ့ သိပြီးသားနော်၊ တကယ့်ဗရုတ်ဗရက်တွေ ၊ နန္ဒာမိတ်ဆက်မပေးရတော့ဘူး မဟုတ်လား"

မိုးစက်က ကုလားထိုင်မှာ ဝင်ထိုင်ရင်း ပူရှိန်းနေသော မျက်နှာကို ကြိုးစားမော့ကာ

"နာမည်တွေတော့ မသိပါဘူး မနန္ဒာ။ လူတွေကိုတော့ မှတ်မိပါတယ်"

"သူက ရွှေရွှေမိုးဇံတဲ့ ၊ ရွှေရွှေလို့ ပဲ ခေါ်တယ်။ မြူက မြူမင်းလွင်ထန်တဲ့ ၊ သူက မိကျော် မိမိကျော်တဲ့ "

မိုးစက်က မျက်နှာကြီး ငုံ့ထားသော မြူကို လှမ်းကြည့်ရင်း နာမည်ဆန်းကြောင့် စိတ်ဝင်စားသွားရ၏။

"ရွှေရွှေ နင်တို့ မှတ်မိတယ် မဟုတ်လား"

"သိပ် မှတ်မိတာပေါ့၊ မိုးပေါက်လေ"

မိုးစက်က မနေတတ်သည့်ကြားက ကြိုးစားပြုံးလိုက်ရသည် ။ မိုးစက် မိန်းကလေးတွေနှင့် ရင်းနှီးနောက်ပြောင်ကာ မနေဖူးတာ အမှန်ပါ။ အခန်းထဲမှာ တစ်ဆေးရုံတည်း ဆင်းရသည့် ဂရု(ပ်)ထဲမှာ မိန်းကလေးတွေလဲ ပါတာပါပဲ။ သူတို့ နှင့် ပြောစရာရှိလျှင် ပြော၊ ဆွေးနွေးစရာရှိလျှင် ဆွေးနွေးကာ ခင်မင်ပေမယ့် မှန်မှန်ပဲ နေတတ်ခဲ့သည် ။

ဒီလိုပြောင်ပြောင်ရွှတ်ရွှတ် အုပ်စုမျိုးနှင့်လည်း ဒီလိုကြုံဆုံ သိကျွမ်းရလိမ့်မည်ဟု မထင်ခဲ့။ မိန်းကလေးတွေ ဒီလောက် နောက်ရွှတ်တတ်တာကိုပဲ နဂိုစိတ်ရင်းခံက မကြိုက်ပေ။

ခုန လုံးစေ့ပတ်စေ့ကြားလိုက်ရသော မြူစကားတွေကလည်း မိုးစက်နားထဲ ဆန်းနေသည် ။ မိုးစက်မျက်နှာ ဖြစ်သွားပုံကလေးကို ခုထက်ထိ မျက်စိထဲက မထွက်အောင်စွဲလမ်းနေမိပြီဆိုပဲ၊ တစ်မျိုးပါလား။

ခုတော့လည်း အရှက်ကြီးရှက်ကာ ခေါင်းကြီး ငုံ့ထားပြန်သည် ။

"ဟို...ခုနက ရွှေတို့ ပြောတဲ့ စကားတွေကြားသလားဟင်"

"ဟို...မကြားပါဘူး"

"ကြားတယ် မဟုတ်လား"

ထပ်ပြောနေတော့ မိုးစက်က ရယ်လဲရယ်ချင်၊ စိတ်လည်း မရှည်တော့ပေ။ ထို့ကြောင့် ကြားမှန်းလည်း သိစေ၊ သိပေမယ့်လည်း အနေရမခက်စေအောင် ရယ်မောနောက်ပြောင်သံနှင့်....

"ဟို မျက်စိထဲ မထွက်ဘူးဆိုတာရယ်၊ လမ်းမတော်ကျောင်းမှာ သွားရှာပေးမယ်ဆိုတာရယ်၊ အဲဒါတွေပြောနေကြတာကို ကျွန်တော် မကြားလိုက်ပါဘူး"

"ဟာ"

မြူ ထိုင်ရာက ထရပ်လိုက်မိသည် ။ ရှက်စရာကြီး။ မိုးစက်မြင်ကွင်းထဲ ဆက်မရှိနေလို့ တော့။ သူများက စတာဆိုတော်ပါရဲ့ ။ မြူက မြူ့ကိုယ်မြူ မိုးစက်နှင့်တွဲကာ ကိုယ့်ဘာသာ လျှောက်ပြောမိတာ။

ပိုဆိုးတာပေါ့။ မြူကပဲ စိတ်ဝင်စားသလိုလိုကြီး ၊ မျက်စိထဲက မထွက်အောင် စွဲလမ်းနေပြီ ဆိုတာကို ကြားလိုက်တယ်ဆိုတော့ မြူ့မျက်နှာကို ဖြုတ်ထားလိုက်ချင်သည် ။

မြူက ရှက်ရှက်နှင့် ဧည့်ခန်းထဲမှ အမြန်ထွက်လာခါ ထမင်းစားခန်းထဲမှာ သွားထိုင်နေလိုက်သည် ။

မြူလုပ်ပုံကြောင့် မိုးစက်စရတာ အိုးတိုးအန်းတန်း ဖြစ်သွားရ၏။ စိတ်ဆိုးသွားတာလား  ဘာလား။ ပြေပြစ်အောင် ဘယ်လိုပြန်ပြောရမလဲ ဆိုတာကိုလည်း မစဉ်းစားတတ်ပါ။

"သြော်....ကိုမိုးစက် ဗွီဒီယိုခွေ ယူသွားမယ်ဆိုတာ ခု တစ်ခါတည်း ယူသွားမလား"

"ဟုတ်ကဲ့ ကျွန်တော် ယူကြည့်မယ်လို့ ချစ်လွင်ကို ပြောထားတယ်လေ။ အခုပဲ ယူဖို့ လာတာပဲ။ ချစ်လွင်မရှိတော့ တောင်းယူရမှာ အားနာလို့ ပါ"

"ဟာ...ဘာ အားနာစရာရှိလဲ ကိုမိုးစက်ကလဲ"

"ဒီက ရွှေရွှေတို့ များ ကြည့်ကြဦးမလားလို့ ပါ။ ကျွန်တော်အားလုံးပြီးမှ ပဲ ယူမယ်လေ"

"ရွှေတို့ က ကြည့်ပြီးပြီ နှစ်ခါတောင်ရှိပြီ၊ ပြန်ရယ်ရတာလဲ နှစ်ခါရှိပြီ"

"ဒါဖြင့် ကျွန်တော်ယူသွားလို့ ရလား"

"ရပါတယ် ကိုမိုးစက် ဆွေမျိုးတွေလည်း အားလုံးငှားကြည့်ပြီးသားပါ။ ခဏလေး နန္ဒာကော်ဖီ ဖျော်လိုက်ဦးမယ်"

"နေပါစေ နန္ဒာ ၊ ကျွန်တော်ပြန်တော့မယ်။ ချစ်လွင်က ဆေးရုံက ပြန်မလာသေးဘူးလား ။ ကျွန်တော်ဆေးရုံကပြန်တဲ့ အချိန် ၊ ချစ်လွင်လည်း ရောက်နေလောက်ပြီ ထင်လို့ လာခဲ့တာ"

"ကိုမိုးစက်က ခု ဘယ်ဆေးရုံမှာ လဲ"

"ဒက်ဖရင်မှာ "

မိုးစက်အဖြေကြောင့် ရှေ့ရှေ့နှင့် မိကျော်က ခေါင်းငုံ့ကာ မသိအောင် ကျိတ်ရယ်သည် ။ နန္ဒာက မျက်နှာပိုးသေအောင် ထိန်းထားရင်း....

"ကိုချစ်လွင်က မြောက်ဥက္ကလာ ဆေးရုံလေ"

"ဟုတ်ကဲ့ ကျွန်တော်သိတယ်"

"မစောင့်တော့ဘူးလား"

"မစောင့်တော့ဘူးဗျာ။ ခွင့်ပြုပါဦး၊ အားလုံးပဲ"

"ဟုတ်ကဲ့"

မိုးစက်ကို နန္ဒာ တံခါးဝလိုက်ပို့ရင်း...

"ဘာနဲ့ လာလဲဟင်"

"ဆိုင်ကယ်ပါတယ် မနန္ဒာ၊ ကျွန်တော် ဟိုအပြင်မှာ ရပ်ထားခဲ့တယ်"

"အခွေကို အေးအေးဆေးဆေးကြည့်နော်၊ ပြီးမှ ပြန်ပေး၊ နန္ဒာတို့ အလျှင်မလိုပါဘူး၊ အားလုံးကြည့်ပြီးကုန်ပါပြီ "

"ဟုတ်ကဲ့ ခင်ဗျ သွားမယ်"

နန္ဒာ ခေါင်းညိတ်ပြလိုက်သည် နှင့် မိုးစက်က ခေါင်းငုံ့ကာ ခပ်သွက်သွက် လှမ်းထွက်သွား၏။

နန္ဒာက တံခါးပိတ်ရင်း...

"ဟိုတစ်ယောက်က အစကဒီလောက် မရှက်တတ်ပါဘူး"

မြူကို လှမ်းပြောတာမို့ မြူက ထမင်းစားခန်းမှ ပြန်ထွက်လာလိုက်သည် ။ မပြုံးတုံ့တုံ့လုပ်ရင်း...

"သူက ဘာမှ မနောက်ရဘဲ ငါတို့ ချည်း အရမ်းကဲသလိုဖြစ်လို့ ပါ"

"မိကျော့်နော် နောက်တစ်ခါ င့ါကို ဒီလိုပါးစပ်က လက်လွတ်စပယ်တွေ ဗရွတ်ရွတ်တ မပြောကြရအောင် ဟာ။ ငါတို့ က ဘာမှ မဟုတ်ဘူး ၊ ခုလိုမျိုး တခြားလူနဲ့ ကြုံရင် ရှက်စရာကြီး သူက သိပ်မကဲ့ရဲ့ တတ်တဲ့ ရုပ်မျိုးမို့လို့ တော်ပါသေးရဲ့ "

"စိတ်ထဲက ကဲ့ရဲ့ ရင် ကဲ့ရဲ့ မှာ ပေ့ါ၊ ရုပ်ကြည့်ရုံနဲ့ ပြောလို့ ရမလား မြူရဲ့ "

"ကဲ့ရဲ့ တတ်မယ့်သူ ဆိုရင်တော့ ငါတော့သွားပါပြီ"

မြူတကယ်ပဲ စိတ်မကောင်းသလို ဖြစ်သွားရသည် ။ မြူတို့ အုပ်စုက ပျော်တတ်ပေမယ့် ယောကျ်ားလေးတွေနှင့် စနောက်ပြောင်တာမျိုး လုပ်လေ့ရှိသူတွေ မဟုတ်ပါ။ ခုဟာကလည်း ရွှေရွှေတို့ အသည်းယားအောင် မခံချင်အောင် မြူပြောမိတာပါ။

သူက သူကြားလိုက်မှန်းကို ထုတ်ဖော်သွားသည် ။ ဘာသဘောနှင့် ဖော်ထုတ်ပြောပြသွားတာလဲ။ မြူ သက်ပြင်းလေးချကာ ခဏငိုင်သွားမိ

လေသည်။

*****

"ဟော့ကောင် ဟိုမှာ ဝေဝေ၊ ဝေဝေ"

"ဟာ အေးဆေးပေါ့ စံထွေးရော ဝေဝေတွေ့တာ ဘာဖြစ်တာလဲ ငြိမ်ငြိမ်နေစမ်း သေကုန်မယ်"

စံထွေးက ဆိုင်ကယ်နောက်မှာ ထိုင်ရင်းက ကိုယ်စောင်းပြီး ရှေ့ဘက်ဆီ အမောတကော မျှော်ကြည့်လိုက်တာမို့ မိုးစက်က ခပ်ကျယ်ကျယ် ဟောက်ပစ်လိုက်သည်။

"စကော့စျေးထဲ ဝင်မှာ ထင်တယ်၊ ဟွန်းသံ ပေးလိုက်ကွာ"

"မပေးဘူးကွာ ကြောင်တယ်"

"ဟော့ကောင် မတင်းနဲ့ ကွာ"

ပြောပြောဆိုဆို မြစံထွေးလက်က ရှေ့ကို ရောက်လာကာ ဟွန်းကို နှိပ်မည်ပြုတာမို့ -

"ဟော့ကောင်"

"မိုးကြီးကလည်း ကွာ ဟိုမှာ ဝင်သွားပြီ တွေ့လား၊ လိုက်ဝင်ကွာ ချိုးချိုး"

"မင်းက အရစ်ပဲ စံထွေးရာ"

ပါးစပ်က ဘာလဲညည်းညည်း သူငယ်ချင်း ဆန္ဒကိုငြင်းပိုင်ခွင့် မရှိဘဲ

လိုက်လျှောရမြဲ။ အုပ်စုထုံးစံအတိုင်း။ ဆိုင်ကယ်ကို စကော့ဈေးဘက် ချိုးကွေ့လိုက်ရသည် ။ လမ်းကလည်း ကွေ့လို့ ရသည့် အနေအထားမှာ သင့်နေသည် မဟုတ်လား။

ရှေ့ကပတ်ဘလစ်ကာ မီးခိုးရောင်ကလေးထဲက လက်ကောက်များစွာ ဝတ်ဆင်ထားသော ဘယ်လက်ကလေးတစ်ဖက် ထွက်လာကာ ကျပ်တန်တစ်ရွက် ကမ်းပေးသည် ။ လက်မှတ်ဖြတ်သော ဂိတ်ကလေးမှ ပေးသည့်လက်မှတ်ကို ယူကာရှေ့ကို ဘီးလှိမ့်ရုံ ဆက်မောင်းသွား၏။

"ရိုးရိုးလည်း ပါတယ်ကွ"

"ရိုးရိုးဆိုတာ ဘယ်သူလဲ"

"ရိုးနွယ်မြဖြူလေ"

"ကွင်းဆိုတာလား "

"အေး...မြင်ဖူးတယ် မဟုတ်လား"

"မမြင်ဖူးဘူး ထင်တယ်၊ နာမည်က သိထားတာ"

"မင်းကလဲကွာ ရိုးရိုးသာကြားရင် လဲတောင် သေချင်မယ်။ အရပ်ရပ်နေပြည်တော် တက္ကသိုလ်ပေါင်းစုံက တကူးတက လာ လာပြီး ကြည့်နေရတဲ့ သူကိုမှ မသိဘူးဆိုရင် မင်းလောက်ညံ့တာ ရှိဦးမလား"

"ငါတို့ ဂရု(ပ်)ကမှ မဟုတ်ဘဲကွ"

"ဟ....အတန်းတူနေတာပဲ ဥစ္စာ"

စံထွေးက ကျပ်တန်ပေးကာ လက်မှတ်ဖြတ်ပိုင်းကို ယူသည် ။ မိုးစက်က ရှေ့ကမီးခိုးရောင် ကားကလေးနောက် ခပ်ဖြည်းဖြည်း လိုက်လာခဲ့၏။

"မင်းကတော့ လက်မြင်တာနဲ့ ဘယ်သူမှန်း သိတဲ့ ကောင်ပဲ၊ မဆိုးဘူး"

"ဒီလောက် လက်ကောက်တွေ ရှုပ်ယှက်ခတ်အောင် ဝတ်ထားတာ မင်းမတွေ့ဘူးလား။ ဝေဝေနဲ့ တွဲတဲ့ ထဲမှာ ဒါမျိုးက ရိုးရိုးပဲရှိတာပဲ"

"ဩော်....ဟုတ်ပြီ၊ ငါသိပြီ ထင်တယ်၊ အသား နည်းနည်းညိုညို ခပ်ဝဝ"

"ဘယ်က ဝရမှာ လဲကွာ၊ ခပ်တောင့်တောင့်လို့ ပြောရတယ်"

"ထားပါတော့ အဲဒါမျိုး ခပ်ပြင်ပြင် တစ်ယောက်လား"

"အေး"

"ငါသိပါတယ်၊ နာမည်နဲ့ လူနဲ့ မတွဲမိလို့ ပါ။ နေပါဦး ကားကမြောက်ဘက်တန်း ချိုးသွားပြီကွ၊ မင်းဟာတွေက အလှပြင်ဆိုင်များ လာတာလား၊ ဒါဆိုရင် ကြာမယ်နော် ငါအချိန်မရဘူး"

"မင်းက ဘာကိစ္စများ ရှိလို့ လဲ"

"မေမေ့ကို ဆယ့်နှစ်နာရီလောက် ပြန်ရောက်မယ် ပြောခဲ့တယ်"

"မင်းကလည်း ကွာ ကလေးကျနေတာပဲ၊ နည်းနည်းပါးပါး နောက်ကျတော့ ဘာဖြစ်လဲ"

မိုးစက်က ဘာမှ ပြန်မဖြေဖြစ်တော့။ ဒါပေမဲ့ ကိုယ့်အမေအကြောင်း ကိုယ်ပဲ သိသည် ။ မိုးစက်ကို ချစ်လိုက်တာလဲ နှစ်ယောက်မရှိ၊ အလိုလဲလိုက်၊ အရိပ်တကြည့်ကြည့် နေတာ၊ သို့သော် စည်းကမ်းတော့ ထားသည် ။

ညမှ ပြန်ရောက်မယ်ဟု ပြောထွက်လျှင် အသာတကြည်လွှတ်မှာ ဖြ

စ်ပေမယ့် စောစော ရောက်မယ်ပြောပြီး နောက်ကျမိုးချုပ်လျှင် မျက်နှာမသာယာတတ်။

"ဟာကွာ"

မီးခိုးရောင် ကားက ရပ်သွားကာ တံခါးနှစ်ပေါက်မှ နှစ်ယောက်အပြိုင်ဆင်းလာသည် ။ ကားတံခါးကို ဂျိတ်ဂျိတ်ဟု မြည်အောင် ရှေ့ဆင့်နောက်ဆင့် ဆောင့်ပိတ်လိုက်ကြသော မိန်းကလေးနှစ်ယောက်ကိုကြည့်ကာ မိုးစက် ပါးစပ်က ထုတ်ညည်းလိုက်မိသည် ။

"ဒါတွေက ဆရာဝန်လုပ်မယ့် ဟာ တွေ့လားကွာ စံထွေး"

ဝေဝေဟု စံထွေးခေါ်သည့် နုမြဝေက စပို့ရှပ် အဝါဖျော့ လက်ပြတ်ကို ဝတ်ကာစားနံဘေးမှာ အနားစကို ထုံးချည်ထားလျက် ဂျင်းဘောင်းဘီပြာ ဖျော့ဖျော့ကလေးကို ဒူးဆစ်က အနားဖွာနေအောင် ဖြတ်ကာဝတ်ထား၏။

လေဒီရှူး အဝါရောင်ကလေးနှင့် အကြည်ရောင် ပလတ်စတစ် ပခုံးသိုင်းအိတ် အကြီးကြီးကို လွယ်ထားလေသည် ။ အိတ်ထဲမှာ ပါသော လက်ကိုင်ပဝါ၊ စာအုပ်တစ်အုပ်၊ နှုတ်ခမ်းနီဘူး၊ ကရင်ပတ်ဖ်ဘူး၊ ပိုက်ဆံအိတ်သေးကလေး ၊ ဘီး၊ နေကာမျက်မှန်တို့ ကို အပြင်ဘက်က မြင်နေရ၏။

ဒီဘက်က ရိုးရိုးဆိုတာက နာမည်ကို အားနာရလောက်အောင် ဆန်းဆန်းဖြစ်နေသည် ။

ချယ်ရီရောင် ပိုးပျော့အစကို ဒူးဆစ်ကျော်ရုံရှည်သော ဂါဝန်ကျပ်ကျပ် ချုပ်ဝတ်ထားသည် ။ ခြေထောက်မှာ ဖိနပ်ပါးပန်းရောင်ကလေး စီးထား၏။ ဖိနပ်က ခြေနင်းအောက်ထဲထိ ကြိုးရောင်စုံတွေ ရှုပ်ယှက်ခတ်

ကာ လိပ်ယှက်နွယ်ဆက်နေသည် ။

"သူဝတ်ထားတာ ဖိနပ်လား"

"ဟား ဟား ဖိနပ်မဟုတ်ရင် မင်းက ဘာလို့ ပြောချင်သေးလို့ လဲ မိုးကြီး"

"ဖိနပ်ပေမယ့် နင်းဂျားတွေစီးတဲ့ ဖိနပ်မျိုးဖြစ်မှာ ပဲ။ ဒီလောက်ကျပ် စည်းတုပ်ထားတာ မတွေ့ဘူးလား၊ တောနင်းပြီး ရန်သူတွေနဲ့ ရင်ဆိုင်ရ မယ့်အခါမျိုးမှာ ဖိနပ်ကကိုယ်နဲ့ တစ်သားတည်း ကျပ်ကပ်နေအောင် အ တင်းကြိုးနဲ့ ဆိုင်းတုပ်ထားရတာကွ"

"ဒီလောက် ဦးနှောက်ခြောက်မခံပါနဲ့ မိုးကြီးရာ"

ရိုးက လက်သီးဆုပ်သာသာ အရွယ်ရှိသော အနက်ရောင် အိတ်ရှုံ့ကို စလွယ်သိုင်းကာ လွယ်ထားသည် ။ ကြိုးကရှည်လျားလျားမို့ အိတ်က လေးက တင်ပါးဘေးအောက်နားထိ ရောက်ကာ လမ်းလျှောက်တိုင်း လှု ပ်တုတ်တုတ်။

နားရွက်မှာ လှုပ်ရှားတွယ်ကပ်နေသော နားဆွဲက အချောင်းလေးက အတွန့်လေးတွေ အဝိုင်းလေးတွေ တြိဂံပုံလေးတွေ ကြိုးတန်းလန်းတွေ စုံလင်ရှုပ်ယှက်နေတာမို့ နားရွက်ကလေးက လေးလံသော မနိုင်ဝန်ကို ထမ်းထားရသည့်ပုံ အောက်ကို အိကျနေလေသည် ။

"ကဲ…လာကွာ၊ ဝင်သွားကြပြီကွ"

"တော်သေးတာပေ့ါ၊ အလှပြင်ဆိုင် မတက်လို့ "

"ဒီလောက် အပြည့်အစုံ လုပ်လာမှ ပဲ အလှပြင်ဆိုင် မလိုတော့ပါဘူး ကွာ "

သူတို့ နောက်က လိုက်လာတာမို့ ရိုးဂါဝန်နောက်ကျောက အပဟိုက်ကို လည်းကောင်း၊ ဒူးဆစ်နားထိ အောက်ဘက်မှ ခွဲထားသော ခွဲကြောင်းကို လည်းကောင်း မြင်နေရသည် ။""

"ခေါ်ရင်လည်း ခေါ်လေကွာ။ တကောက်ကောက်လိုက်နေဖို့ ကတော့ အခိပ္ပာယ်မရှိလိုက်တာ"

"မင်းကိုလည်း ရိုးနဲ့ ချီပေးမယ်ကွာ၊ ကျန်တာတော့ မင်းဘာသာ နောက်များမှ ဆက်လုပ်"

"အေးအေးဆေးဆေး နေပါရစေကွာ၊ သူ့ကို ငါကောင်လေးတွေနဲ့ တွဲတွဲပြီး တွေ့နေတာပဲ"

"ဒါတွေက ဘွိုင်းဖရင့်တွေပဲ ကိုယ့်လူ၊ ရည်စူးသူတွေ မဟုတ်ဘူး "

"သူ့ ဘွိုင်းဖရင့်လည်း မဖြစ်ပါရစေနဲ့ ၊ ရည်စူးသူလည်း ပိုပြီးမဖြစ်ပါရစေနဲ့ စံထွေးရာ။ ဒီလိုဆင်ထားမယ်ဆိုရင် ငါ အငတ်ခံနေမှ ဖြစ်မှာ ။ ငါ့ကိုထမင်းဝဝစားနေတာ မမြင်ချင်တော့ဘူးလား"

"ဟား ဟား"

စံထွေးကရယ်သည် ။ "ခေါ်လေကွာ" ဟု မိုးစက်ထပ်ပြီးလောဆော်မှ "ချွတ်ချွတ်"ဟု အသံပြုလိုက်၏။

နုမြဝေက ဖျတ်ခနဲ လှည့်ကြည့်သည် ။ ခြေလှမ်းက သိသိသာသာ အရှိန်လျော့သွားကာ ဘေးကရိုးကို တစ်စုံတစ်ခု ပြောလိုက်၏။ ရိုးက ခေါင်းညိတ်လိုက်သည် ။

"ချွတ်ချွတ်"

ဒုတိယအကြိမ် လှမ်းအခေါ်မှာ နှစ်ယောက်လုံး လှည့်ကြည့်ကာ ခြေ

လှမ်းတွေ ရပ် လိုက်လေသည် ။

"ဝေဝေ ဘာလာဝယ်လဲ"

"ဘာရယ် ဟုတ်ဘူး။ ဝင်းဒိုးရှော့ပင်းပါ"

"ဝေဝေတို့ ကား ဈေးထဲ ဝင်သွားတာတွေ့လို့ လိုက်လာတာ"

ဝေဝေက မျက်လုံးလှလှတွေ မှေးစင်းကာ ညို့ရီရီ ပြုံးသည် ။ မိုးစက်ကိုပါ ရောပြုံးပြတာမို့ မိုးစက်က ခေါင်းဆတ်ကာ လွန့်ခနဲ တစ်ချက်ပြုံးပြလိုက်ရသည် ။

"သိတယ်မို့လား မိုးစက်လေ"

"သိပါတယ်၊ ဖတ်စ်အမ်ဘီ စဘက်ကတည်းက သိတာ။ သူက စာလည်း တော်တာပဲဥစ္စာ"

"ရိုးရိုးလဲ မှတ်ထားပေးပါ မိုးစက်တဲ့ ။ ကျွန်တော့်သူငယ်ချင်းပဲ"

မိုးစက်က မှတ်ထားပေးပါ ဟူသော စကားကြောင့် မြစံသွေးကို စိတ်ပူသွားရသည် ။ ရိုးရိုးကတော့ မျက်စကလေး ချီကာ စူတူမူတူပြုံးရင်း -

"မှတ်ထားပါ့မယ် မှတ်ထားရမှာ ပေါ့"

"ဘက်ချ်တူနေပေမယ့် ဝေတို့ မရင်းနှီးကြဘူးနော်၊ ယူကလည်း အေးလို့ ဖြစ်မှာ ပါ။ စံထွေးတို့ နဲ့ တောင် သိနေတာပဲ"

"ကျွန်တော်က ခပ်တုံးတုံးမို့ပါ"

"ခစ် ခစ်"

ရိုးက ပါးစပ်ကို လက်ဝါးလေးကွယ်ကာ ရယ်လိုက်တာမို့ မိုးစက်ရင်ထဲ ဒိတ်ခနဲတုန်ကာ လက်ဝါးလေး ကွယ်ပြီး ရယ်တတ်သောမြို့ကို အမှ

တ်ရလိုက်မိသည် ။ အမှတ်မထင် မျက်နှာက ပြုံးသွားရ၏။

ရိုးက ပြုံးလိုက်တော့လဲ ချိုရွှင်ပေသားပဲဟု မှတ်ချက်ချမိသည် ။ ဆံပင်ပုံကျော့မော့သပ်ရပ်ကာ ဝတ်စားထားတာကလဲ သန့်ရှင်း အေးမြနေသော မိုးစက်ကို ဒီတစ်ခါပဲ အနီးကပ်ဆုံရတာမို့ ရိုးက ခပ်ရဲရဲပဲကြည့်မိ၏။

မြင်တော့ မြင်တွေ့နေသား ကြည့်ကောင်းသော သူတစ်ယောက်ဟုလည်း ထင်မိသား။ သို့ပေမဲ့ အနီးကပ်ကြည့်လျှင် ဒီလောက် အဆင်ပြေပြေ ကျော့စင်နေမည်ဟု လုံးဝမထင်ခဲ့။

"ဘာဝယ်ကြမှာ လဲ"

"ဝယ်ဖို့ ရည်ရွယ်ချက်မရှိဘူး ရိုးရိုး၊ မြင်လို့ လိုက်လာတာ ပိုက်ဆံလည်း မပါဘူး"

"အော် ဖြစ်ရတယ်၊ ရိုး ချေးပါ့မယ်"

စံထွေးကို ဖြေနေသော ရိုးမျက်ဝန်းတွေက ဖျတ်ခနဲ ဖျတ်ခနဲ မိုးစက်ရှိရာဘက် စွေစောင်းရောက်ရှိလာတတ်သည် ။ မိုးစက် ရှိရာဘက် စွေစောင်းရောက်ရှိလာတတ်သည် ။ မိုးစက်က ရိုးကို အကဲခတ်နေမိသူမို့ မြင်သည် ။

ဝတ်ပုံစားပုံ ခေတ်ရှေ့ပြေး နေတာချင်း တူတူမှာ ဝေဝေ့ပုံစံက ပိုမိုသန့်ရှင်းသည် ဟု မိုးစက်က ဆုံးဖြတ်နေမိသည် ။ ရိုးနွယ်မြဖြူ ဆိုတာလေးကတော့ ရီဝေပူလောင် စေတတ်မယ့်မိန်းကလေးပဲဟု မိုးစက်က တစ်ထိုင်တည်း ကောက်ချက်ဆွဲနေမိ၏။

" လာလေ"

ဝေဝေက နှုတ်က ထုတ်လျက် ဖိတ်ခေါ်ကာ ခြေလှမ်းစရွေ့တာမို့

အားလုံးရှေ့ဆက်လျှောက်ဖြစ်သည် ။ ဟိုဘက်ဆုံးက ရိုး၊ ပြီးတော့ ဝေဝေ။ ဝေဝေဘေးက စံထွေး ၊ မိုးစက်က ဒီဘက်အစွန်။

"ဝေဝေတို့ မာမီ နေကောင်းလား၊ ဆရာကြီးရော"

"နေကောင်းပါတယ် ၊ ဒက်ဒီလည်း နေကောင်းပါတယ်။ ယူ့အဘွားရော ဒက်ဒီနဲ့ ပြနေတာ သက်သာပြီလား"

"သက်သာပါပြီ၊ တော်တော် ထူထူထောင်ထောင် ရှိနေပြီ ၊ ဒီတစ်ခါ ကျောင်းပိတ်ရက်တွေ ရုံးပိတ်ရက်တွေဆုံရင်၊ ကျိုက်ထီးရိုး ထပ်တက်ဦး မယ်တောင် လုပ်နေတယ်"

"ဟုတ်လား၊ အဲဒါတော့ တားထားပါဦး၊ ဘွားဘွားပင်ပန်းမှာ ပေါ့၊ မာမီကတောင် ဟိုတစ်လောက ပြောသေးတယ်၊ မာမီလည်း သတိရနေပါတယ်"

စံထွေး အဘွားက သွေးတိုးရောဂါသည် ။ ဆီးလည်း မကောင်း။ အသက်ကလည်း ကြီးပြီမို့ ချူချာသည် ။ နူမြဝေတို့ အဖေနှင့်ပြဖြစ်ရာကစပြီး လူမျိုးချင်းလဲတူတာမို့ ဆရာဝန်နှင့် ရင်းနှီးသွားရသည် ။

ဘွားဘွားက ဝင်တတ် ထွက်တတ်၊ ပေးတတ် ကမ်းတတ်၊ စီစဉ်တတ်သူပီပီ လက်ဆောင်ပစ္စည်း ပါးရင်းက ဆရာဝန်ကတော်နှင့်ပါ အထိုက်အလျောက် ရင်းနှီးနေရပြီ ဖြစ်၏။

"ဝေဝေ့ မာမီက ရာဇူးမှာ နော်"

"ဟုတ်ပါတယ်"

"ဘယ်ဌာနကလဲ"

"မာမီက ဟစ်တိုကလေ"

"မိုးစက်အမေလည်း လက်ချာရာပဲ၊ ဒါပေမဲ့ သတ္တဗေဒဆိုတော့ သိကြမှာ တော့ မဟုတ်ဘူး ထင်တယ်"

"ရူးမှာ မာမီ့မိတ်ဆွေတွေတော့ ရှိတယ် ပြောသံကြားပါတယ်။ ဝေ တော့ သေချာမသိပါဘူး"

အမှန်တော့ ဝေဝေ့ အမေ ဒေါ်ဦးသင်းဝေကို မိုးစက်သိသည် ။ မိုးစ က်အမေနှင့် သိပ်အခင်ကြီး မဟုတ်ပေမယ့် ကြားက ဆရာမတစ်ယော က်နှင့် နှစ်ယောက်လုံးခင်တာမို့ နှစ်ယောက်သားလည်း သိကျွမ်းကြပါ သည် ။

သို့ပေမဲ့ ဒီလိုမပြောလဲရသော ကိစ္စမျိုးတွေအတွက် မိုးစက်က နှုတ်န ည်းမည်။ စကား အပြောအဆို သိပ်မတတ်။ ဒါကြောင့် ဆိတ်ဆိတ်ပဲ နေ လိုက်သည် ။

"မိုးစက်မာမီက ရူးကဟုတ်လား"

မမျှော်လင့်ဘဲ ရိုးက အစွန်က လှမ်းမေးသည် ။

"ဟုတ်ကဲ့ ခင်ဗျ"

"နာမည် ဘယ်သူတဲ့ လဲဟင်"

"ဒေါ်သင်းသင်းအေးပါ"

"ဪ"

တကယ်တော့ ရူးဌာနက ဘယ်ဆရာမကိုမှ ရိုးမသိပါ။ ဒါပေမဲ့ မြူက ရူးမေဂျာမို့ ဘာရယ်မဟုတ် စကားပြောလို့ ဖြစ်ရုံ စကားစပ်ကြည့်တာမျိုးပါပဲ။

"သိတော့ မသိပါဘူးလေ။ ရိုး ညီမ တစ်ယောက်က ဇူးက မို့ပါ"

"ဟုတ်လား ဘယ်သူတဲ့ လဲ၊ ဘာပြန် ညာပြန် မေးဖို့ မိုးစက် နှုတ်မသွက်။ သည် ထက် သူ့ညီမ ဆိုတာကြောင့် ပို၍ ပင် မမေးဖြစ်တော့။ သူ့မောင်ဆို တော်သေးရဲ့ ။ ညီမဆိုတော့ ဘယ်သူလဲတဲ့ ဟု မေးရမှာ ရှက်တက်တက်ကြီးလိုလို တစ်မျိုးထင်မှာ စိုး စသည့်မာနစိတ်လိုလို ရင်ထဲက ဖြစ်ကာ မမေးဖြစ်တော့ပါ။"

"ဝေတို့ ဒီမှာ နှုတ်ခမ်းနီ ကြည့်ဦးမယ်"

ဝေဝေက ပြောရင်း ဆိုင်တစ်ဆိုင်ရှေ့ရပ်သည် ။ စံထွေးကလည်း ရပ်လိုက်တာမို့ မိုးစက်လည်း မကြည်မလင်နှင့်ပင် ရောယောင်ရပ်တန့်လိုက်ရသည် ။

"ဘာဝယ်မလဲဟင် ရိုးမှာ ပိုက်ဆံပိုတယ်လေ။ ယူပြီးဝယ်လို့ ရတယ်လေ"

ရိုးက လှည့်အပြော -

"ဟင့်အင်း ကျွန်တော်တို့ ဘာမှ မဝယ်ပါဘူး"

အေးဆေးစွာ ပြီးတော့ သက်သောင့်သက်သာစွာ ပုံမှန်ဖြေလိုက်သော မိုးစက် ပုံစံက ဆိုင်ကယ်စီး ဦးထုပ်အဝါကို လက်မှာ ပိုက်လျက် မချိုသာလွန်း မတင်းမာလွန်း တည်ကြည်လှတာကို ရိုး သာမန်ထက် ပိုမိုစူးစိုက်ကြည့်ဖြစ်သည် ။

*****

အိမ်အပြန်လမ်းမှာ မိုးရွာတာကြောင့် မိုးစက်တစ်ကိုယ်လုံး မိုးတွေရွဲ စိုလာသည်။ စံထွေးကို သူ့အိမ်ဝင်ချပေးခဲ့ရသေးသည်။ စံထွေးကို သူ့အိမ် ဝင်ချပေးခဲ့ရသေးသည်။ စံထွေးကတော့ ခဏသာ စိုလိုက်ပေမယ့် မိုးစက်ကတော့ ယောက်လမ်းမှ ရွှေဂုံတိုင်အထိ တစ်လမ်းလုံး သဲသဲမဲမဲ မိတော့သည်။

ကားဂိုဒေါင်ထဲ ဆိုင်ကယ်ကို နေရာတကျ ထားကာ ဦးထုပ်နှစ်လုံးကို ပိုက်လျက် အိမ်ပေါ် ပြေးတက်လာခဲ့သည်။ ဆိုင်ကယ်သံ ကြားကတည်းက အိမ်တံခါးမှာ မေမေက ထွက်ရပ်နေသည်။""

"သားကြီးရယ် မိုးတွေ မိလာပါလား"

"နည်း နည်းပါ မေမေ"

"ဒါ နည်းလား၊ နည်းနည်းမိတာ ဒါလောက်လား သားကြီးရယ်၊ ကဲ ...ချွတ်စမ်း ...ချွတ်စမ်း"

အပေါ် ဂျင်းအင်္ကျီက ရေတုပ်တုပ် နစ်နေတာမို့ အလေးကြီးဖြစ်နေသည်။ ပုဆိုးကို အောက်နားစ စုကိုင်ကာ ရေချိုးခန်းရှိရာ ပြေးလာရင်း လမ်းမှာ တွေ့သည့် ထမင်းစားပွဲပေါ် ဆိုင်ကယ်ဦးထုပ် နှစ်လုံးလှမ်းတင်ခဲ့သည်။

"ပုဆိုးကြီးနဲ့ ဆိုင်ကယ်ကြီးနဲ့ ရေကရွှဲတော့ လမ်းမှာ တော်တော်မှ ဒုက္ခရောက်ရဲ့ လား"

"ရပါတယ် မေမေရယ်၊ အသေးအဖွဲ့ပါ"

"ဆရာဝန်လောင်းကြီး မိုးမိပြီးဖျားရင် လူကြားမကောင်းဘူးနော် သားကြီး၊ ဒီဆိုင်ကယ်ကို မေမေ သဘောကို မကျဘူး၊ ခုလို မိုးရွာထဲကျတော့ သူက ဘယ်မှာ ယုံသလဲ သားကြီးရဲ့ ၊ ကားလိုချင်ရင် ဝယ်ပေးပါ

ဆိုတာ၊ မင်းမိဘဒါလောက်တော့ တတ်နိုင်ပါတယ် သားကြီးရယ်"

"ဖေဖေ့ရုံးကားလည်း ရှိနေတော့ ဖေဖေလည်း တခြားကား သုံးစရာ မလိုဘူးလေ။ သားတစ်ယောက်တည်းအတွက် ကားတစ်စီး သတ်သတ် ဝယ်ရတော့ ဘယ်ဟုတ်ပ့ါမလဲ၊ ဒီဆိုင်ကယ်လေးလဲ သွားလို့ လာလို့ ဖြစ်နေတာပဲ မေမေရဲ့ ။ တစ်ခါတလေ မိုးမိတာများ ခုလိုချေးတွန်းပြီး ရေဆက်ချိုးလိုက်ရုံပဲ"

"အေးရတဲ့ အထဲ ရေဆက်ချိုးနေပြန်ပြီကွယ်"

မိုးစက်က အုတ်ကန်ထဲက ရေ တဗွမ်းဗွမ်းခတ်ပြီး ချိုးနေတာမို့ ရေချိုးခန်းဝမှာ မျက်နှာသုတ်ပဝါ တစ်ထည်နှင့်ရပ်ကာ မေမေ မျက်မှောင်တွန့်နေသည် ။

"ဟာ...မေမေ ကန်တော့ဗျာ၊ ကျွန်တော်ရေလဲစရာ ပုဆိုးမရှိဘူးဖြစ်နေပြီ"

"ယူလာခဲ့ပါတယ်တော်"

မေမေ လှမ်းပေးသော ပုဆိုးကိုလည်း လှယ်ရင်းချွတ်ပုံချလိုက်သော လုံချည်နှင့် ရှင်လက်တိုကလေးကို မိုးစက်က တစ်လက်စထဲ လျှော်လိုက်သည် ။ ခါတိုင်းလဲ ကိုယ့်အဝတ် ကိုယ်လျှော်နေကျပါပဲ။

မေမေက မျက်နှာသုတ်ပဝါကို ကုလားထိုင်အမှီတစ်ခုပေါ် ခေါက်လျက်လွှားတင်ခဲ့ကာ လှည့်ထွက်သွားသည် ။ မကြာခင် ဖွန်းသံတစ်ချောက်ချောက်နှင့် ကော်ဖီ ဖျော်သံထွက် လာလေသည် ။

မိုးစက်က မျက်နှာသုတ်ပဝါနှင့် ခေါင်းကို သုတ်ကာ သူ့အခန်းထဲ ပြေးဝင်ပြီး အင်္ကျီလက်ရှည် တစ်ထည်ကမန်းကတန်း စွပ်လိုက်သည် ။

"ပုဆိုးလဲဦးနော် သားကြီး၊ ပုဆိုးက ရေစက်တွေနဲ့ "

မေမေ့အော်သံ ထွက်လာသည် ။

"ဟုတ်"

လှမ်းအော် ဖြေလိုက်ရ၏။ ခေါင်း ခြောက်စပြုတော့ ဘီးနှင့်မှန်မကြည့်ဘဲ နှစ်ချက်သုံးချက် ဖြီးသပ်ကာ အပြင်ပြန်ထွက်လာခဲ့သည် ။

"မေမေ ဖေဖေ ဘယ်သွားလဲ"

"အေးကွယ် အဖေကြီးရော မောင်သက်ရော ဈေးသွားကြတယ်။ နှစ်ယောက်လုံး ဆံပင်လည်း ညှပ်ကြမယ်ဆိုတာနဲ့ မေမေပဲ အိမ်စောင့်နေခဲ့တော့တယ်။ ထီးလည်း မပါကြဘူး။ မိုးမိလာကြဦးမှာ ပဲ ထင်တယ်၊ ဆံပင် အရင်ညှပ်နေကြရင် ဈေးမှ ဝယ်ဖြစ်ပ့ါမလား မသိဘူး။ သုံးလေးရက်စာ ဝယ်ခဲ့ဖို့ တော့ ပြောလိုက်တာပဲ။ တစ်ရက်စာလောက်ပါလဲ မဆိုးပါဘူး။ ဝယ်မှ ဝယ်ဖြစ်ပ့ါမလား မသိဘူး သားကြီးရေ သွားတာ မကြာသေးဘူး"

"နက်ဖြန် တနင်္ဂနွေပဲ မေမေရာ၊ စိတ်ပူမနေပါနဲ့ "

မိုးစက် ကော်ဖီ ပူပူမှုတ်သောက်သည် ။

"ငါ့သားကြီးလည်း စကားမတည်တော့ဘူး ပြန်ချိန်က ဘယ်လိုလဲ"

"စံထွေးနောက် လိုက်ပေးနေရလို့ မေမေ၊ လိုက်မပေးလဲ မကောင်းဘူး၊ ဒီကောင်ကသာ သားကို ခဏခဏ ကူညီတာ။ သားက ကူညီရခဲ့ပါတယ်"

"ဘာများ လုပ်ပေးနေရလို့ လဲ"

"ဟဲ ဟဲ....သူ့ကောင်မလေး နောက်အဖော်လိုက်ပေးရတာ"

"အောင်မယ်လေး....မဟာကိစ္စကြီးပါလား။   သူ့ကောင်မလေးရော

ဟုတ်ရဲ့ လား"

"ဟုတ်ပါတယ် မေမေရ၊ နုမြဝေတဲ့ ၊ မေမေနဲ့ သိတဲ့ ဟစ်စတြီက ဆရာမ၊ ဒေါ်ဦးသင်းဝေရဲ့ သမီး"

"ဪ...ဒေါက်တာဦးလှမင်းသမီးပေါ့။ ဟုတ်ပါရဲ့ ၊ သူ့သမီးလည်း အမ်စီကပဲ၊ သားတို့ နဲ့ ခင်သလား"

"စံထွေးနဲ့ ခင်ပါတယ်၊ သားနဲ့ မခင်ပါဘူး မေမေ၊ စကားတောင် ဒီနေ့မှ ပြောဖူးတာ၊ သားတို့ နဲ့ အတန်းသာ တူတယ်၊ ဂရု(ပ်)ချင်း မတူ၊ ဆင်းရတဲ့ ဆေးရုံချင်းမတူတော့ မသိပါဘူးဆိုပါတော့"

"သားအတွက်ရော စံထွေး ဘယ်နှခါလိုက်ပေးရပြီး ပလဲ။ ခုနကပြောတော့ ခဏခဏ သူက ကူညီရတယ်ဆို"

"တခြားကိစ္စကူညီရတာပါ မေမေရယ်"

"ဟုတ်ရဲ့ လားကွယ်၊ မောင်ချစ်လွင်လည်း မင်္ဂလာဆောင်သွားပြီ၊ စံထွေးကလည်း ခုလို၊ သားတစ်ယောက်တည်းပဲနေသလား"

"ဟုတ် ဟုတ်"

မိုးစက်က မေမေပုံစံကြောင့် ရယ်မိသည် ။ အသားဖြူဖြူ ကိုယ်ထည် ခန့်ခန့်နှင့် ဒေါ်သင်းသင်းအေးက အသက်လေးဆယ့်ငါးနှစ်ရှိပေမယ့် လေးဆယ် ပြည့်သေးသည် တောင် မထင်ရ။ တက္ကသိုလ်က ဆရာမမို့ နုပျိုခေတ်မီမှုကလည်း ရှိသည် ။

မျက်ခုံးမွေး ကော့ကော့ဆွဲကာ အိမ်နေရင်းတောင် နှုတ်ခမ်းဆိုးဆေး ဖျော့ဖျော့သုံးသည့် မေမေပါ၊ တစ်အိမ်တည်းနေသော မေမေ့မောင် လူပျိုကြီး ဦးအေးသက်ကိုတောင် တစ်ခါတစ်ရံ မေမေ့အစ်ကိုလား ထင်ရလောက်သည် ။

"ဩော်....ခုန မောင်ချစ်လွင် ဖုန်းဆက်သေးတယ် သူ့မင်္ဂလာဆောင် ဗွီဒီယိုခွေတဲ့ ၊ နယ်က အမျိုးတွေ ခုမှ ရောက်လာလို့ ပြမလို့ တဲ့ ၊ ပြီးရင် ပေးပါတဲ့ "

"ဩော်...ဟုတ်သားပဲ၊ သွားမပေးဖြစ်ဘူး"

"သားကြီးကတော့ကွယ်၊ သူများ ပစ္စည်းကိုမေ့နေရသလား၊ မေမေ့စိတ်ထင် လေးငါးရက်ရှိပြီ၊ အိမ်ပါလာတာ"

မိုးစက်က ထိုင်ရာက ထကာ ကော်ဖီဖျော်သည့် မတ်ခွက် မေမေ့ပန်းကန်နှင့် သူ့ပန်းကန်ကို ဆေးကြောသိမ်းဆည်းသည် ။ အပြီးမှာ တီဗွီရှေ့လာထိုင်ရင်း ချစ်လွင်တို့ အခွေကို ဒက်ခ်ိထဲထည့်လိုက်၏။

"ကြည့်ဦးမလို့ လား"

"သားပါတဲ့ နေရာပဲ ခဏကြည့်မှာ မေမေ"

တကယ်တော့ သူ့ကိုယ်သူ ဗွီဒီယိုခွေထဲ ဘယ်လိုပေါ်ပေါ် သိပ်စိတ်ဝင်စား မရှိလှပါ။ သူ့ပုံပါလျှင် မြူ့ပုံလည်း ပါသည် ။ တစ်စားပွဲတည်းမို့ ဆက်တိုက်ရိုက် ယူထားတာပါ။

ပါးစပ်ကို လက်ဝါးကလေးနှင့် အုပ်ကာ ရယ်သော ရိုးကို တွေ့လာတာမို့ မြူ့ပုံစံကလေးကို ပြန်ပြီး ကြည့်ချင်စိတ် ပေါ်လာမိတာကြောင့်ပါပဲ။

အဲဒီနေရာကိုပဲ ဟိုတစ်နေ့ကတည်းက အခေါက်ခေါက် ပြန်ကြည့်ထားတာမို့ ဖွင့်လိုက်သည် နှင့် ထိုင်နေရာကိုပဲ ရောက်သည် ။ တိုက်ဆိုင်ကံကောင်းလှစွာ မြူ့ပုံကလေးက အဝေးတစ်ခါ အနီးတစ်ခါ ပါသည် ။ နှစ်ခါစလုံး မြူ့လက်ကလေးက ပါးစပ်ကို အုပ်ကာ ရယ်ဟဟကလေး။

နောက်ဆုံး နှုတ်ဆက်သည့်နေရာမှာ လည်း မြူတို့ လူသိုက်ပုံ

အကြာကြီး ပါသေးသည် ။ ဒါကိုတော့ မိုးစက် ရစ်မကြည့်ဖြစ်တော့ပါ။ ပြန်ကြည့်မိတိုင်း ကိုယ့်အဖြစ်ကို ကိုယ်ရှက်ရွံ့စိတ်တိုမိတာကြောင့်ပါပဲ။

"ဒီကလေးမလေးတွေလည်း တော်တော်ဆိုးဆိုးလေးတွေ ထင်ပါရဲ့ "

မေမေက အကြောင်းစုံသိပြီမို့ မှတ်ချက်ချသည် ။

"အဲဒါတွေ ဇူးကပဲလေ မေမေ၊ ကျူတန်းတက်နေကြတာ"

"ဟုတ်လား၊ အဲဒါကြောင့် ဟိုတစ်နေ့က ကြည့်ကတည်းက ဒီမျက်နှာလေးတွေ တွေ့ဖူးသလိုလိုထင်သား။ သေတော့ မသေချာပါဘူးလေ။ ကျောင်းသူကလေးတွေက များ တော့ ဒီအရွယ်သမီးတွေ တွေ့တိုင်းကိုယ့်တပည့်လား ထင်တာပဲ။ ယောကျ်ားလေးတွေတော့ မှတ်မှတ်သားသား မရှိပါဘူး"

"မေမေက သမီးချစ်တတ်တဲ့ သဘောပေါ့ ဟုတ်လား"

"သားကြီးနော် သားကြီး၊ ငါ့သားကြီး ဒါမျိုးတွေတောင် နောက်တတ်ပြောင်တတ် လာပြီ ကောင်းပါတယ်။ မေမေကလည်း သားကို မေမေလက်ခံနိုင်မယ့် အေးအေးဆေးဆေး မိန်းကလေးတစ်ယောက်ယောက်နဲ့ တွေ့စေချင်ပြီ၊ ဒီအရွယ်လောက်မှာ စတွေ့ရင် သား ဟောက်စ်ဖြစ်တဲ့ အခါလောက် နောက်နှစ်နှစ်လောက်မှာ လက်ထပ်စေချင်တယ် ၊ သား အသက်နှစ်ဆယ့်ငါး ပြည့်ပြီးပြီပေါ့ အတော်ပဲ"

"သို့သော်လည်း ပဲ အမေ့သားသည် ယနေ့တိုင် ချစ်ရမည့်သူ မရှိသေးသည့်အတွက် ဝမ်းနည်းပါတယ် ဗျား"

"တပည့်မလေးတွေထဲက မေမေပဲ ရှာပေးရမလား သား"

"ဟာ မေမေ ရှာပေးတာကတော့ ညံ့လွန်းရာ ကျပါတယ်"

"ဘယ် တတ်နိုင်မလဲ သားက ညံ့နေပြီပဲ ဥစ္စာ။ မေမေကတော့ ကျောင်းမှာ လှလှပပလေးတွေ တွေ့ရင်ချွေးမတော်ရရင် ကောင်းမှာ ပဲလို့ စိတ်ထဲက ကူးကြည့်မိတယ်"

"မေမေက ဘယ်လိုဆို သဘောတူမှာ လဲ"

"အကျင့်စာရိတ္တ ကောင်းတယ်ဆိုရင်ပဲ ကျန်တာတွေကို ဖြည့်စွက် အမှတ်ပေးလို့ ရပါတယ် သားရယ်၊ မေမေက ဒီလောက်ကြီး စံနှုန်းတွေ မကျပ်တည်းပါဘူး"

"သား တကယ်လို့ တစ်ယောက်ယောက်ကို ပြတဲ့ အခါ မေမေမကြိုက်နိုင်ဘူး ဆိုပါတော့"

"မေမေ မကြိုက်နိုင်ရင်လည်း ဆိုးဆိုးဝါးဝါး မို့သာပေ့ါ သားကြီးရယ်၊ အဲဒီလို ဖြစ်တဲ့ ကြားက သားက မပြတ်ရင် မေမေတို့ က ဇွတ်ချုပ်ချယ်တားမြစ်တဲ့ မျိုးရိုး မဟုတ်ဘူး နော် သားကြီး၊ မင်းအသိပဲ ထွက်သွားရတယ်၊ ဒီအိမ်က ထွက်ပြီဆိုတာနဲ့ နောင်လည်း တစ်သက်လုံး ပြန်လာစရာ မလိုတော့ဘူး သာဓကလည်း ရှိတယ်"

"မေမေ သဘောမတူရင် သားကကော ရှေ့တိုးမလား မေမေ၊ စကားအဖြစ် မေးကြည့်တာ သားလိမ္မာပါတယ်။ ဒါတွေသာ ပြောဆိုဆွေးနွေးနေတာ၊ သားမှာ ဖြင့် ဘယ်သူမှ ရှိတာ မဟုတ်ပါဘူး"

မေမေက ကျေနပ်ပြုံး နှစ်သိမ့်နေရင်း...

"ဟော....ကားသံကြားတယ်၊ သား သား မာဇဒါဂျစ် အသံတော့ မဟုတ်ဘူး ၊ ခြံထဲတော့ ဝင် လာပြီ၊ ထကြည့်စမ်း"

မိုးစက် ထိုင်ရာက ထကာ အိမ်တံခါးဝတွင် ကြည့်လိုက်၏။ ကားကလေးတစ်စီး အိမ်ရှေ့ ရပ်လိုက်တာ တွေ့သည် ။ မိုးစက်တို့ အိမ်က တိုက်

ခံ ပျဉ်ထောင်နှစ်ထပ်အိမ်။ ပေါ်တီကို မပါတာမို့ ကားကလေးက မိုးရေထဲမှာ ပင် ငြိမ့်ခနဲ ရပ်သွားရ၏။

ကရို လာလေးပဲ မေမေ၊ မေမေ မိတ်ဆွေများ လားမသိဘူး။ အဝါနုကလေး တစ်ခါမှ အိမ်မလာဖူးဘူး။

အိမ်ထဲ လှမ်းပြောနေဆဲ နောက်တံခါး ချပ်ခနဲ ပွင့်လာသည် ။ အထဲမှာ မိန်းကလေး ငယ်ငယ်တွေပါလား ဟု မိုးစက် အကဲခတ်နေမိဆဲ အစွန်က ကောင်မလေးက မိုးရွဲမှာ စိုးရိမ်ဟန်နှင့် ခပ်သွက်သွက်ဆင်းကာ အိမ်တံခါးဝထိ တောက်လျှောက်ပြေးလာ၏။

နောက်ထပ်နှစ်ယောက်လည်း သည် ပုံစံနှင့်ပင် အိမ်သို့ပြေးကပ်လာသည် ။

မိုးစက်က ဖွင့်ထားပြီးသား တံခါးဝမှ နောက်ဆုတ်ရပ်ကာ ဖိနပ်ချွတ်ရာ သမံတလင်းပေါ် ပထမဆုံးရောက်လာသည့် မိန်းကလေးကို ကြည့်လိုက်သည် ။

"ဟင်"

"ဟဲတော့"

မြူလည်း လွှတ်ခနဲ ယောင်သွားရသည် ။ ရေချိုးပြီးကာစမှန်း သိသာစွာ လတ်လတ်ဆတ်ဆတ်နှင့် ဆံပင်တချို့ စိုနေဆဲဖြစ်သည် ။ မိုးစက်ကို ငေးခနဲကြီး ကြည့်မိကာ ဟသွားသော နှုတ်ခမ်းလေးကို လက်ဝါးလေးနှင့် ကာလိုက်မိ၏။

မိုးစက်ကလည်း ကြောင်တောင်တောင်ပင် မြူကိုငေးမောလို့ နေမိသည် ။ ဖိတ်ခေါ်ဖို့ စကားစဖို့ မေ့သွားသည် ။ ခုလေးတင် သူမကို အမှတ်တရ ပြန်ကြည့်နေဖြစ်သောကြောင့် ရုတ်တရက် ဘွားခနဲ ရောက်လာ

တာကို အံ့သြရမလို ဝတ္ထုအိပ်မက်ဆန်သလို ဇဝေဇဝါ ဖြစ်နေရလေသည်။

ရင်ထဲမှာ ဒုတ်ဒုတ် ဒုတ်ဒုတ်နှင့် ခုန်သံတိုးမြန်လာတာကိုလည်း ကိုယ့်ဘာသာ သတိထားလိုက်မိရသည်။

"ဟို ...ဟို ခြံနံပါတ်က လေးဆယ့်ရှစ် ဆိုလို့ "

"ဟုတ်ကဲ့"

"တီချာ ဒေါ်သင်းသင်းအေး အိမ်လားလို့ မြူက"

"အော် ဟုတ်ပါတယ် မြူ၊ အိမ်ထဲဝင်လေ ကျွန်တော့် မေမေပါ"

"ဟဲ တော့"

မြူ ဟဲတော့ ကလေးကို မိုးစက် ချစ်စနိုးကလေး ဖြစ်သွားမိကာ ရင်တွေလည်း တတုန်တုန်နှင့် လွန့်လွန့်ကလေး ပြုံးနေလိုက်မိသည်။

*****

(၃)

ဒက်ဒီအလုပ်မသွားဘဲ အိမ်မှာ နေသည့်နေ့မို့ ဒက်ဒီအနားမှာ လူစုံဝိုင်းကာ စကားတွေ ပြောနေဖြစ်ကြသည် ။

ဒက်ဒီက သားတွေကို ဘီယာတစ်ဘူးစီ ဝေငှကာ အကြော်အလှော်မြည်းစရာတွေကို မိန်းကလေးတွေ ဝိုင်းထိုင် နှိုက်စားလျက် တဟေးဟေး တဝါးဝါး ဆူညံနေသည် ။ မြူရယ်၊ စစ်ရယ်၊ ညွှတ်ရယ် ၊ အငယ်သုံးယောက်က မျက်နှာကလေးတွေ ကြောင်တောင်တောင်နှင့် အရက်မူးယစ်တွေ ဟန်ဆောင်ကာ ...

"အိုင်ဆေး ကိုနှင်းမောင်၊ ဒီအမှုကတော့ စိတ်ဝင်စားစရာ ကောင်းလာပြီဗျို့"

"သိပ်လန့်သွားသလား ညီမဌေး၊ အစ်ကိုကြီးက မိုးပေါ်ထောင်ပစ်လိုက်တာပါ"

"မောင်ချစ်ဆွေ မမနှင်းတော့ သေသာသေလိုက်ချင်တော့တာပါပဲကွယ်"

အဆက်အစပ်မရှိသော ဝတ္ထုတွေထဲရုပ်ရှင်တွေထဲက စကားတွေ တစ်ယောက်တစ်ပေါက်နဲ့ အော်ဟစ်ရယ်မောနေဖြစ်ကြသည် ။

"ဟယ် ဒီကလေးတွေ တစ်ယောက်တစ်ပေါက်နဲ့ ဘယ့်နှယ်တုန်းနားကိုငြီးရော"

"နေပါစေ မမရာ၊ သူတို့ ပြောနေကြတာတွေက ရယ်လဲရယ်ရသားပဲ
"

တကယ်တမ်း ဒီစကားတွေကို အော်ဟစ်နေကြတာက မြူရယ်၊ စစ်ရယ်၊ ညွတ်လေးရယ် သုံးယောက်မို့ မေမေကြီးမျက်နှာကိုကြည့်ကာ နှုတ်တွေဆိတ်ကုန်ရသည် ။

"မြူ ခုနပြောတဲ့ မောင်ချစ်ဆွေဥ ဘယ်ကစကားလဲ သမီး"

"ဟိုးတစ်ခါ တီဗွီကလာသွားတဲ့ ဗမာကားလေဒက်ဒီ၊ မေရှင်က မမနှင်း၊ မြင့်အောင်က မောင်ချစ်ဆွေ၊ ချစ်ညီမဇာတ်ကားလား မသိဘူး"

"ဟား ဟား အတုခိုးတော့ တတ်ပ့ါကွာ၊ အလွတ်ကို မှတ်ထားတော့တာပါလား"

"ညွတ် နင် ဘီယာမြှုပ် မစားချင်ဘူးလား"

"စားချင်တယ်"

"ဘူးကိုလှုပ်လိုက်၊ ပြီးရင် ဖွင့်လိုက်၊ အမြှုပ်တွေ အများကြီး ထွက်လာရင် စုပ်ပြီးစား"

"ဟုတ်လား"

ညွတ်က စစ်စကားကို ယုံစားကာ ဘူးသစ်တစ်ဘူးကို ဆောင့်ကာဆောင့်ကာ လှုပ်သည် ။ ခဏကြာအောင် လှုပ်ပြီးမှ အပေါ်ဘက်ကွင်းကလေးကို ဖန်းခနဲ ဆွဲအဖွင့် အမြှုပ်တွေရော အရည်တွေပါ ရှူးခနဲပန်းထွက်စိုရွှဲကုန်ရသည် ။

"ဟင် ...ဒက်ဒီ ..ဒက်ဒီ"

ညွတ်က ငိုမဲ့မဲ့နှင့် ဒက်ဒီကို တိုင်တန်းသည် ။

"စစ်ကို သိပ်မုန်းတာပဲ၊ သူများကို အမြဲမကောင်းကြံတတ်တယ်၊ စိတ်ပျက်လိုက်တာ"

ညွတ်က သူ့ပုံစံလေးအတိုင်း ပခုံးတစ်ဖက်တွန့်ကာ ပြောဆဲ။ သူပါ အင်္ကျီတွေစိုရွှဲပေကျံကုန်ရသော ဒေါ်မမကြီးက စိတ်ပျက်ညစ်ညူးလှစွာ အင်္ကျီကို ခါရင်း....

ငါကမှ တကယ်စိတ်ပျက်တာ၊ ကြည့်ပါဦး အဲဒီ စစ်တစ်ယောက်ဟာ နည်းနည်းတော့ နောက်ပြောင် ဒုက္ခပေးရမှ

"စစ်က နောက်တာပဲ၊ ဒီဟာလေးက ဘာလို့ ယုံသလဲ"

မိုးက တဟားဟား ရယ်ကာ ထိုင်ရာမှ ထသည် ။

"အားလုံးပဲ အိတ်စ်ကျူ့စ်မီး၊ ဆယ်နာရီ ထိုးတော့မယ်၊ မိုးဆိုင်သွားဖွင့်တော့မယ်"

သူ့အလှပြင်ဆိုင်ဖွင့်ဖို့ ထသွားလေသည် ။

"နက်ဖြန် ခရီးထွက်ရမယ် နှင်းနှင်း၊ နည်းနည်း ပါးပါး ပြင်ပေးဦးနော်"

"အစ်ကိုကြီး ဒီတစ်ခေါက် ဘယ်လဲ"

"မော်လမြိုင်ဘက်၊ ဘာလိုချင်ကြသလဲပြော"

"ကြာမှာ လား"

"လေးငါးရက်ပေါ့ မမ၊ ဟိုမှာ ဟိုတယ် အသစ်တစ်ခု ဖွင့်မယ့်လုပ်ငန်းရှင်တစ်ယောက်က သူ့ဟိုတယ်တစ်ခုလုံးအတွက် သုံးဖို့လိုတဲ့ လယ်သာ ကိုက်တစ်ထောင်လောက် ယူမယ်ပြောတယ်။ အဲဒါရော လိုအပ်တဲ့ ကုန်ကြမ်းနည်းနည်းယူဖို့ ရော သွားရမှာ "

"သူက ရန်ကုန်မလာဘူးလား"

"သူက တစ်ခေါက် လာပြောသွားပြီးပြီ မမရဲ့ ။ အခု ဟာက ကိုယ်လည်း သွားစရာ ရှိတာတာနဲ့ ကိုယ်ပဲ လာပြီး ကြည့်ရှုတွက်ချက်ပေးတော့မယ်လို့ ပြောလိုက်တာ။ ဩော် ဒီတစ်ခါ ဒက်ဒီရှူးစ်ဒီဇိုင်းအသစ်လေးတွေ လုပ်ထားတယ်။ အိမ်ကို သန်ဘက်ခါလောက် မောင်လှမြင့်လာပို့လိမ့်မယ်။ အလုပ်ရုံကို သမီးတွေ ဖုန်းဆက်ပြီး လိုချင်တဲ့ အရောင်မှာ လိုက်ကြ "

"ဒက်ဒီ ရိုးဖို့ ရောင်စုံနော်"

"လုပ် လုပ်မှာ လိုက်ပေ့ါ"

"ဘာဒီဇိုင်းလဲ ဒက်ဒီ"

"လယ်သာနဲ့ မဟုတ်ဘူး ။ ရော်ဘာ အပျော့နဲ့ လုပ်တာလေ။ ခေါင်းချိုးလို့ တောင် ဂုတယ်။ ကွာလတီတော်တော်ကောင်းတယ်၊ စင်ကာပူက ဝင်လာတဲ့ ပစ္စည်းတွေထက် မနိမ့်ဘူးကွ၊ အောက်ခံ ခြေနင်းကလွဲရင် ဘေးနဲ့ ခြေဖမိုးပေါ်မှာ ဆန်ကာကွက်ဖော်ထားတာလေ။ ရိုးရိုးဆန်ကာကွက်ရော အပွင့်ရိုက်ဒီဇိုင်းလေးတွေရော ရှိတယ်"

"သွားကြည့်ပြီးမှ မှာ ရရင် ကောင်းမှာ "

"ဒက်ဒီ ညွှတ်ဖို့ ဒီဇိုင်းမျိုးစုံ အနက်ရောင်ပဲနော်"

"ဖုန်းဆက် လိုက်လေ သမီး"

"အစ်ကိုကြီး သမီးတွေရဲ့ အော်ဒါနဲ့ တင် သုံးဒါဇင်လောက်တော့ ချောမယ်ထင်တယ်"

"ဟား ဟား...ဒက်ဒီ့သမီးတွေက ဒက်ဒီ့လုပ်ငန်းကို အားပေးမြှင့်တ

င်တာပါ။ ဟုတ်တယ်မို့လား"

"ဟုတ်ကဲ့"

"ဖုန်းလာနေတယ်၊ ညွတ်လေး သွားကိုင်စမ်း"

ညွတ် ဖုန်းရှိရာကို ထသွားသည် ။

"ပိုက်ဆံလိုရင် တစ်ခါတည်း ဒီနေ့ တောင်းယူလိုက်ကြလေ။ သားတို့ သမီးတို့ ဘာလုပ်စရာရှိသေးသလဲ"

"ရိုးကို ငါးရာ ရေမွှေးဝယ်မလို့ "

"ဒက်ဒီ စစ်ကိုလည်း ပေးပါ၊ ဒက်ဒီ ကြည်ဖြူသလောက် စစ်ကတော့ မုန့်ဖိုးပဲ"

"ညွတ်ကိုလည်း မုန့်ဖိုး"

ညွတ်က လှမ်းအော်ပြီးမှ ဖုန်းကောက်ကိုင်သည် ။

"ဟယ်လို"

"စစ်ပန်နဲ့ စကားပြောချင်လို့ ပါ"

"ဘယ်သူလဲ "

"မွှေးလို့ ပြောလိုက်ပါ"

"စစ်မှ မရှိတာ၊ မွှေးဆိုတာ ဘယ်သူလဲ"

တစ်ဖက်က အသံတိတ်သွားပြီးမှ -

"နံပါတ် (၃....၈) မဟုတ်ဘူး လား"

"ဟုတ်တယ်လေ"

"စစ် မရှိဘူးလား"

"သူက သိပ်လမ်းများ တာပဲ။ အိမ်ကပ်တာ မဟုတ်ဘူး ၊ ရည်းစားတွေနဲ့ လျှောက်သွားနေတာ၊ ပိုက်ဆံကလည်း သိပ်သုံးတာပဲ၊ ဒက်ဒီက တောင် ဆူနေပြီ၊ ဖုန်းလည်း အရမ်းလာလွန်းလို့ မာမီကလည်း ဆူနေပြီ"

"အခု မရှိဘူးလား"

တစ်ဖက်က အသံမှာ စိတ်အနှောင့်အယှက် ပါလာသည် ။

"အခုလား ဘာလုပ်မလို့ လဲ"

"ဟဲ့ ဝက်မ ငါ့ဖုန်း မဟုတ်လား၊ လျှောက်ပြောမနေနဲ့ ပေး"

စစ်က မုန့်ဖိုးကပ်တောင်းနေရာက သုတ်ခနဲပြေးလျှောက်၏။ ညွှတ်က ဖုန်းကို ကိုင်ထားရင်း....

"ညွှတ်က ဝက်မ မဟုတ်ဘူး ၊ စစ်သားဝက်သီး မျောက်ဝံချင်ပဲန်ဇီ"

"ပေး ဖုန်းကို"

"သိပ်ဖုန်းဆက်တာပဲ သိလား မာမီ၊ သူ့ဖုန်းချည်းပဲ"

"ပေးလိုက်ပါ ညွှတ်လေးရယ်"

"မွေးတဲ့ မွေးချင်မှ မွေးမှာ ပါ"

လက်နှင့် ပိတ်မထားတာမို့ ဖုန်းထဲ အသံတွေဝင်ကုန်မှာ ပါပဲ။

ရိုးက....

"မမွေးလျှင် မနံပါစေနဲ့ လို့ ပြောလိုက် ညွှတ်လေး"

"မမွေးလျှင် မနံပါစေနှင့်"

"မမရိုး လျှောက်မြှောက်မပေးနဲ့ လေကွာ၊ ဟိတ် ညွှတ် ပေးစမ်း"

"ဆပ်ပြာမွှေးနဲ့ လက်ဆေးမည်လို့ ပြောလိုက်..."

"ပေးဆိုဟာ သွားစမ်း သွား"

ဇွတ်လုတာမို့ စစ်လက်ထဲကို ဖုန်းပါသွားရတော့သည် ။ ညွတ်ခေါင်းကို လက်သီးနှင့် ထုထည့်လိုက်တာကို ညွတ်ကတိမ်းရှောင်ရင်း ခုန်ဆွဆွရယ်မော ပျော်ရွှင်နေသည် ။ လူကြီးတွေ ဖုန်းကလွဲလျှင် ဘယ်သူ့ဆီ ဖုန်းလာလာ ဒီလိုပဲကပေါက်တိ ကပေါက်ချွတ်ပြောပြီး လှောင်ပြောကြစမြဲ။

စစ်ဆီ ဖုန်းလာလျှင် မိန်းကလေးတွေချည်းပဲ များ တာမို့ စစ် ဖုန်းဆိုလျှင် လုယက် ပြောင်နောက်ချင်ကြသည် ။

ဒက်ဒီ့ကိုက ရောနှောရယ်မောတတ်တာမို့ မာမီတို့ ကလည်း ဒါမျိုးကို ဟန့်တားပိတ်ပင်ရကောင်းမှန်းမသိ။ မြူကိုတော့ စိတ်ပျက်နေသည် ။ မြူ ဖုန်းသာဆို တစ်ဖက်ကို မြူတော်တော် အားနာမိမှာ ပဲ၊ သို့သော် မြူ့ဆီကို မိကျော်ရယ်၊ ရွှေရွှေရယ်၊ နန္ဒာရယ်သာ အဆက်များ တာမို့ ဒီဘက်က နောက်လျှင် သူတို့ က ဟိုဘက်က ပြန်ဟားတာချည်းပါပဲ။

တိမ်က ...ထိုင်နေရာဝိုင်းထဲက ထထွက်သည် ။

"တိမ်..ပြီးပြီလား၊ ရော့လေကွာ ထပ်ယူဦး"

"တော်ပြီ ဒက်ဒီ၊ ကျွန်တော် စာကျက်တော့မယ်၊ မြူ နင် စာမကျက်သေးဘူးလား။ စာမေးပွဲက နီးပြီနော်"

"ဟင် ...ခုမှ စက်ကင်းတမ်း ပြန်ဖွင့်စရှိသေးတာ၊ မေပဲ ရှိသေးတယ် ။ ကိုယ်ဘာသာကျက် ၊ မြူကတော့ စားလိုက်အိပ်လိုက် ဂရိတ်ဖိုက်ပဲ"

"အခြေအနေပေးရင် ကိုယ်က ဆရာပြန်လုပ်ရမှာ ၊ စာမေးပွဲအောင်ရုံနဲ့ ရမလား၊ နည်းနည်းရှာဖွေလေ့လာ ဖတ်တာမျိုး လုပ်မှ ဖြစ်မှာ ပေါ့။ ငါကတော့ မက်စ်နဲ့ ပတ်သက်လာရင် ဟိုဘက်ဒီဘက် ကြိုက်ရာဘက်

ကစမ်း"

"အရိုးချည်းပဲလား"

"အကောင်းပြောနေတာ"

ရိုးက ဝင်နှောက်ရင်း တခစ်ခစ်ရယ်နေသည် ။ နောင်က ထုံးစံအတိုင်း ဝိုင်းထဲ ထိုင်နေလျက် စကားတစ်ခွန်းမှ မဆို။ မျက်နှာက ပုပ်ပုပ်နှင့် သူ့ပေါ် ခုန်တက်လာသော ကြောင်ကလေးကို ဘာတစ်ခွန်းမှ မပြောဘဲ တဖုန်းဖုန်းရိုက်ကာ ဆောင့်ချပစ်လိုက်တာမို့ -

"ဟယ် နောင်က အရမ်းပဲတော့၊ ဝါဝါလေး နားသွားပြီ"

"ဘာလို့ ငါ့ပေါ်လိုက်တက်လဲ၊ နင့်ကြောင် နင်ထိန်းပါ့လား မြူရဲ့ "

"ဒါတော့ နောင့်ကိုခင်လို့ လာပွတ်သီးပွတ်သပ် လုပ်တာပေါ့"

"လုပ်မနေနဲ့ ၊ ရိုး ဖယ်စမ်း ၊ ငါ့ခြေထောက်နား မနေနဲ့ ၊ ငါ ခြေဆန့်မလို့ "

"တစ်အိမ်လုံး သူပိုင်တာကျနေတာပဲ၊ ရိုးဘာသာ ဒီမှာ ထိုင်နေတာကြာပြီ၊ သူက နောက်မှ ရောက် လာပြီးခုံကို ဒီနားရွှေ့ထိုင်တာ"

"မရှည်နဲ့ ဟာ ဖယ်"

"ဩော်…သားကြီးကလည်း ညီမလေးကို"

"မေမေ့သမီးက သူများ ဒူးကို လာမှီနေတယ်။ ကျောရိုးမရှိတဲ့ အတိုင်းပဲ၊ ဖယ်လေဟာ"

"ဆယ့်နှစ်ရာသီ စိတ်တိုနေတာပဲ၊ အဲဒါ ရောဂါသိလား ရိုး၊ နောက် အာရုံကြောနဲ့ ဆိုင်တယ်။ တံတားလေး သွားပြပေးလိုက်ဦး"

"ဒေါက်တာသံတွေ လာပေးမနေနဲ့ ၊ ကိုယ့်ဟာနဲ့ ကိုယ် စိတ်တိုရတဲ့

ကြားထဲ"

"ဟင် အေးအေးဆေးဆေး စကားပြောနေကြတာ၊ သူ့ဟာသူ ဘာကို စိတ်တိုနေမှန်းမှ မသိဘဲ"

"ညွတ်သိတယ် ၊ ကိုနောင်က သူ မင်းသားကြီးမဖြစ်လို့ ညစ်နေတာ၊ တစ်ခါလာလည်း ဇာတ်လိုက်သူငယ်ချင်း တစ်ခါလာလည်း ဇာတ်လိုက်အစ်ကိုက မတက်တော့ အားလုံးကို မပြေလည်ဘူးပေ့ါ"

"ကြာညွတ်မယ်နော် ငါရိုက်ပစ်မှာ ၊ ဒီကိစ္စနင်ပါစရာမလိုဘူး၊ ငါ့စိတ်သိတယ် မဟုတ်လား"

"ကိုနောင် တစ်ယောက်တည်း စိတ်ရှိတာလား လူတိုင်းစိတ်နဲ့ ပဲ "

နောင်က မလှမ်းမကမ်းက ညွတ်ကို ခြေဖျားနှင့် လှမ်းကန်သည် ။ ညွတ်ပခုံးကို ထိသွားတာမို့ ညွတ်က ချက်ချင်းမျက်ရည်တွေ ညှစ်ထုတ်ကာ ငိုကြွေးရင်း....

"ဒက်ဒီ...ညွတ်ကိုကန်ပြီ"

"လာ...မာမီ့ပေါ်လာထိုင်"

မြူက ဒက်ဒီဘယ်လိုဖြေရှင်းမလဲ လှည့်ကြည့်ပေမယ့် ဒက်ဒီက ဘီယာအမြဲမပျက်၊ ရယ်လို့ သာနေသည် ။ မေမေကြီးကသာ စိတ်ရှုပ်လာပုံနှင့် ....

"ဒီကလေး တစ်ပုံတစ်ပင်နဲ့ တစ်နေ့တစ်နေ့ သံစုံကို မြည်နေတာပဲ ၊ ခုနစ်ယောက်လုံး လွှင့်ပဲပစ်ရမလား၊ ငါပဲ တောထွက်ရမလား"

"မေမေကြီး တောထွက်ရင် ညွတ် ဟင်းချိုင့်ပို့ပေးမယ်"

"တော်တော်သွားစေချင်ပုံရတယ်"

"မေမကြီးကို စစ်က စိပ်ပုတီးနဲ့ ပိတ်စအညိုလိုသလောက်လှူမယ်"

"ဟင်း...အနှင်းကလေးတွေက နှုတ်ရေးကတော့ ကြွယ်ပ့်။ မအေတူလေးတွေ ကျုပ်ကို သွားစေချင်တဲ့ ပုံက လုံးဝပဲ"

"ဟား ဟား ...မေမေကလည်း လုံးဝတဲ့ "

ရိုးက ခေါင်းလေးလှုန်ရယ်သည် ။

"ဘာဖြစ်လဲ လုံးဝဆိုတာ ညည်းတို့ ခေတ်မှာ ပေါ်တဲ့ စကား မဟုတ်ဘူး ။ ကျုပ်တို့ ဘိုးဘေး ခေတ်ကတည်းက ပေါ်ပြီးသားစကား"

စစ်က ဖုန်းချပြီး လှည့်ရယ်သည် ။ ဖုန်းဆက်မပြီးခင် ကတည်းက နောက်ဘက် စကားဝိုင်းမှာ ဝင်ပါနေသော စစ်ကိုမွေးက စိတ်ကောက်ကာ ဖုန်းချလိုက်ခြင်းပါပဲ။

"တူ....တူ....တူ....တူ"

ထိုင်ရာက ထခါနီး ဖုန်းထပ်မြည်လာတာမို့ စစ်က ပြန်ကောက်ကိုင်ကာ...

"ဟယ်လို"

"ကိုတိမ်ညိုမှိုင်းရှိပါသလား"

"ခဏဗျ၊ တိမ်တဲ့ "

တိမ်က အပေါ်ထပ် လှေကားတစ်ဝက်ဆီ ရောက်ပြီးလှည့်ကြည့်ကာ.

.

"ယောကျ်ားလား...မိန်းမလား

"မိန်းမ..."

"ငါမရှိဘူး ပြောလိုက်"

စစ်က ပခုံးလေးတွန့်ကာ -

"တိမ် မရှိဘူး မမ၊ ကျွန်တော်က ညီပါ၊ ဘာပြောပေးရမလဲ"

"ကိစ္စမရှိပါဘူး၊ တို့ က သူ့အခန်းထဲက ၊ သောကြာနေ့က သူ့အခန်းထဲ စာအုပ်ကျန်ရစ်ခဲ့လို့ ကောက်သိမ်းလာခဲ့တယ်၊ စာအုပ်ထဲမှာ သူ့လိပ်စာကတ်လဲ တွေ့လို့ ဖုန်းဆက်ပြောတာ၊ တော်ကြာ ဟိုရှာသည် ရှာ ဒုက္ခများ နေမှာ စိုးလို့ ၊ တခြား ပြောစရာကိစ္စမရှိပါဘူး၊ ဒါပါပဲ"

တစ်ဖက်က မိန်းကလေးက ရှည်လျားသော စကားကို သံပြတ်နှင့် ဆိုကာ ခွပ်ခနဲ ချသွားတာမို့ စစ် ကြားထဲက အားနာသွားရသည် ။ ကြားသွားပုံပါပဲ၊ သဘောရိုးသက်သက် ဆက်သူမှန်း သိသာသည် ။

"အတန်းထဲကတဲ့ ၊ စာအုပ်ကောက်ရထားလို့ တဲ့ ၊ အရမ်းစာတော်လွန်းလို့ ချီးမွမ်းမိတ်ဆက်ချင်လို့ တဲ့ ။ အလကားနေရင်း ဘာဖြစ်လို့ ဒီလောက်တော်နေတာလဲ မေးပေးပါတဲ့ ၊ အတန်းထဲမှာ တော့ တိမ် အတော်ဆုံးဆိုလာပြောရောပေ့ါဗျာ"

စစ်က အပိုဆာဒါးတွေ ပိုပိုမိုမိုထည့်ကာ ပြောတော့ တိမ်က ကျေနပ်မျက်နှာနှင့် ခေါင်းမော့သွားရင်း...

"ငါက ဒါမျိုးတွေနဲ့ မပြောချင်ပဲကွ၊ ဖုန်းဆက်ရင်းက ပြောလို့ မကောင်း၊ မပြောလို့ မကောင်းနဲ့ အားနာပြီး ပြောရင်း ပြောရင်း ရစ်ကုန်မှာ လုံးဝ ဝါသနာ မပါဘူး"

စကားလည်း ဆုံး လှည့်လည်း တက်သွားတာမို့ စစ်ထံမှ အာပြဲကြီးနှင့် ဟစ်ရယ်သံက မထိန်းမသိမ်းနိုင်အောင် ထွက်လာရသည် ။ ဒက်ဒီကလည်း တိမ့်အချိုးကိုလည်းကောင်း၊ စစ်လှောင်ရယ်သံကိုလည်းကောင်း

သဘောကျကာ တဟားဟား ရောရယ်လေသည် ။

မြူတောင်မှ ပဲ တိမ့်ပုံစံကြောင့် ရောရယ်မိတော့သည် ။ စစ် အပိုတွေ ထည့်ပြောတာကိုလည်း သိသည် ။ ဒါကို လူတိုင်းရိပ်မိလောက်ပါလျက်။ တိမ်တို့ က သတိမမူနိုင်လောက်အောင် ဘဝင်အမြင့်ကြီး မြင့်နေလိုက် တာ မရှက်ဘူးလား တိမ်ရယ်။

"အစ်ကိုကြီးအတွက် အိတ် ပြင်လိုက်ဦးမယ်"

"မြူလည်း ကူမယ် မာမီ"

မြူက မာမီ့နောက်က ခါးကိုတွန်းကာ လိုက်ပါသွားလိုက်သည် ။ ဒက်ဒီက မြင်ကွင်းကို သဘောကျနေမိ၏။

*****

"ကဲဆင်းကြ ကားကို ခြောက်နာရီ လောက် မှာ လိုက်ပေ့ါ သမီး"

မြူက ခေါင်းညိတ်ကာ ကားမောင်းသည့် ဦးလေးကို ခြောက်နာရီမှာ ပြီး ပြန်လွှတ်လိုက်သည် ။ ဒေါ်သင်းသင်းအေးက လက်ပွေ့အိတ်ထဲက သော့ထုတ်ကာ အိမ်တံခါးကို ဖွင့်သည် ။

အိမ်ထဲရောက်သည် နှင့် ဧည့်ခန်းနှင့် ထမင်းစားခန်းက ပြတင်းတံခါးတွေကို မြူတို့ သုံးယောက် လိုက်ဖွင့်ပေးကြသည် ။

မြူတို့ သုံးယောက်က ပထမတော့ တီချာ့ကို ဘာသာစုံစာသင်ပေးဖို့ ရာ တောင်းပန်ကြသည် ။ သို့ပေမဲ့ ဒေါ်သင်းသင်းအေးက လုံးဝငြင်းလေ သည် ။

"တီချာတို့ က ကျောင်းမှာ စာပြနေတာဆိုတော့ ကျူရှင်ပေးခွင့်မရှိဘူး သမီးတို့ ရယ်၊ တီချာ သမီးတို့ ကို မကူညီချင်လို့ မဟုတ်ပါဘူး"

ဟုတ်တော့လည်း ဟုတ်သည် ။

လောလောဆယ် ကျောင်းမှာ သင်နေသော ဆရာ _ ဆရာမများ ကျူရှင်ပေးခွင့်မှ မရှိဘဲ။ ဒါပေမဲ့ အထူးသဖြင့် ဒေါ်သင်းသင်းအေးပေပါကို မြူတို့ နားမလည်။ အတန်းမှန်မှန်တက်ကာ သေချာ လိုက်နားစွင့်ပေမယ့်လည်း တစ်တန်းလုံးလိုလိုပင် အားနည်းကြသော ဘာသာပါ။ မြူတို့တင်မဟုတ်။ ကျန်သော ကျောင်းသားကျောင်းသူတွေလည်း ခင်ရာမင်ရာ ဆရာ_ ဆရာမတွေဆီ အတင်းကပ်ကာ အကူအညီ တောင်းနေရသော ဘာသာပါ။

နောက်ဆုံးတော့ ဒီပေပါတစ်ရွက်တော့ မရှင်းလင်းတာမှန်သမျှ လာမေးခွင့်ပြုပါဟု မရမက တောင်းပန်တော့လည်း ဆရာမနှင့် တပည့်ဆိုတော့ ဒေါ်သင်းသင်းအေးက မငြင်းရက်တာထင်သည် ။ မရှင်းလင်းလို့မေးခွင့်ပြုပါဆိုတော့လည်း ဘယ်လိုငြင်းမလဲ။

"ကျူရှင် ဖီးစ်တော့ လုံးဝလက်မခံဘူး" ဆိုသည့် စကားကို မြူတို့ သုံးယောက်သား မျက်နှာငယ်နှင့်ပင် နာခံကတိပေးကာ ဖွတ်လာကြတာပါပဲ။

မြူတို့ ဒေါ်သင်းသင်းအေးထံ စာလာသင်နေတာ ဒါပါနဲ့ ဆို သုံးပတ်ရှိပြီ။ တစ်ပတ်နှစ်ရက်၊ အင်္ဂါနေ့က တစ်ရက်၊ စနေနေ့ကတစ်ရက်၊ အင်္ဂါနေ့ဆို ဒေါ်သင်းသင်းအေး စာသင်ချိန်က မွန်းလွဲ ၃ နာရီမှာ ပြီးဆုံးသည် ။ မြူတို့ အတန်းက နေ့စဉ် ဆယ့်နှစ်နာရီမှ ငါးနာရီဆိုပေမယ့် လေးနာရီမှ ငါးနာရီ၊ နောက်ဆုံးအချိန်ကို ဆရာတွေ မယူတာများ သည် ။ တချို့ဆရာတွေက စောစောပိုင်း အချိန်တချို့မှာ လဲလှယ်ထည့်ယူထားတာမို့

လေးနာရီအတန်းပြီးသောရက်က များ ပါသည် ။

ဖက်စ်တမ်းမ်ကတည်းက သင်ခန်းစာ ပြီးပြတ်သွားသော ဘာသာရပ်တွေအတွက် အချိန်အား တချို့ရှိသည် ။ ငါးနာရီဆို အရမ်းလည်း နောက်ကျနေပြီ။ ဒီတော့ နားလည်ခွင့်ပြုမှုနှင့် နောက်ဆုံးချိန် ဆရာတွေက အချိန်လွတ်တွေမှာ ဖြည့်ယူနေကျပါ။

ဒေါ်သင်းသင်းအေးက အင်္ဂါနေ့မှာ သုံးနာရီအတန်းချိန်ပြီးလျှင် သူထိုင်သည့် အတန်းထဲထိုင်ကာ မြူတို့ ကို စောင့်သည် ။ ခါတိုင်းတော့ နေ့စဉ် ခင်ပွန်းသည် ရုံးကားက လာကြိုနေကျ။

ခုတော့ အင်္ဂါနေ့ဆိုလျှင် လေးနာရီထိုးမှ ပင် မြူတို့ ကို လာကြိုသော ကားနှင့်အတူ အိမ်ကို ပြန်လိုက်ရတာမို့ ကားအကြို တစ်ခေါက်သက်သာသည် ။

"တီချာ ထမင်းအိုးတည်လိုက်မယ်"

"ဟယ်....ထိုင်နေပါကွယ်၊ တီချာလုပ်ပါ့မယ်၊ ရိုက်စ်ကွက်ကာနဲ့ တင်လိုက်ရုံပဲဟာ"

ပထမတစ်ပတ်ထဲက အိမ်ကို ရောက်ရောက်ချင်း ဒေါ်သင်းသင်းအေး ထမင်းအိုး တည်တာကို တွေ့တာမို့ နောက်တစ်ပတ် အင်္ဂါနေ့ကစပြီး မြူတို့ ကူညီလုပ်ပေးသည် ။

တစ်အိမ်လုံးက ရုံးသမား ကျောင်းသမားမို့ နောက်ဆိုသော့ခတ်ထွက်။ ညနေဆို ဒေါ်သင်းသင်းအေး အလျင်ဆုံး ပြန်ရောက်တာမို့ ချက်ပြုတ်ရှင်းလင်းရတာပါပဲ။

"ဖယ်ပါကွယ်၊ ဒီသမီးတွေနဲ့ တော့ ဒုက္ခပါပဲ"

"တီချာကလည်း မြူတို့ ကို စာသင်ပေးတာပဲ ကျေးဇူးတင်လှပြီ။ တီ

ချာ လုပ်စရာရှိတာ ဝိုင်းလုပ်ပြီးမှ စာပွဲထိုင်တာပေါ့။ဘာမှ လုပ်ရတာမှ မဟုတ်တာ"

မြူက ပြောရုံရှိသေး ရွှေရွှေကပျိုးပြက်နှင့် စပါးလုံးတစ်လုံးနှစ်လုံး လောက် ဖွေရှာ ရွေးကောက်ကာ ဆန်ဆေးဖို့ ပြင်နေပြီ။ မြူက တံမြက်စည်း ဆွဲယူလိုက်၏။ ညှော်ခန်းနှင့် ထမင်းစားခန်းကို လှည်းကျင်းသည် ။

"တီချာ အကျီသွားလဲပါ။ စားပွဲကို မိကျော် ရှင်းထားပါ့မယ်"

မိကျော်က ထမင်းစား စားပွဲပေါ်ကိုရှင်းသည် ။ သည် ထမင်းစား စားပွဲနှင့် ကုလားထိုင်ကိုပဲ စာသင် စားပွဲအဖြစ် သုံးရတာ မဟုတ်လား။ မြူက ညှော်ခန်းကို တံမြက်လှည်းရင်း စားပွဲပေါ် အဖြန့်လိုက်တင်ကာ ပန်းအိုးနှင့် ဖိထားသော စာရွက်ပေါ်က စာလုံးထင်းထင်းတွေကို ငုံ့ဖတ်မိလိုက်သည် ။

အင်္ဂါနေ့တိုင်း မြူတို့ တွေ့နေကြ စာလေးပါပဲ။

တခြားရက်တွေလည်း သည် လိုပဲ ရေးသွားပုံ ရသည် ။ မြူတို့ အင်္ဂါနေ့မှ ရောက်တတ်တာမို့ အင်္ဂါနေ့မှ တွေ့ရတတ်သည် ။

မေမေ

ကြက်သား ဟင်းအိုးကိုလှယ်ပြီး ဖရစ်ချ်ထဲ ထည့်သွားတယ်။ ဗီရို အံဆွဲထဲက ပိုက်ဆံ ငါးဆယ်လဲ ယူသွားတယ်။

သား ငါးနာရီခွဲ ပြန်ရောက်မယ်။

သားကြီး

စာကိုဖတ်ရင်း မြူနှုတ်ခမ်းလေး ပြန့်ပြန့်လေးဖြစ်အောင် ပြုံးလိုက်မိသည် ။ စာရေးပုံက ကလေးကြီးလို။ သူဒီလိုပဲ ပြန်ရောက်မည့်အချိန်နှင့် တခြား မှာ စရာရှိတာတွေကို စာလေးရေးထားတတ်ခဲ့သည် ။ ဘာကြောင့်မှန်းမသိ။

ဒီစရိုက်လေးကို မြတ်နိုးချစ်ခင်စိတ်နှင့် မြူ စာမြင်တိုင်း ပြုံးမိသည် ။ ပထမဆုံး တစ်ပတ်ကတည်းက စာရေးထားတာကို မြင်ကာ မြူတို့ သုံးယောက် တီချာထမင်းချက်တုန်း ဖတ်ရှုဝေဖန်နေကြသည် ။ တီချာထွက်လာတော့မှ ...

"သားကြီးက ဒီလိုပဲလေ၊ အမေ့ကို မှာ စရာရှိတာ စာရေးသွားတတ်တယ်၊ ငယ်ငယ်ကတည်းက အကျင့်က ခုထိ ဒီအတိုင်းပဲ၊ စည်းကမ်းလေး လုပ်ပေးထားရတယ်၊ နို့မို့ ခုခေတ် ယောကျ်ားလေးတွေက ပြန်ချင်တဲ့ အချိန်ပြန်တာကွယ့်"

တီချာ့စကားကြောင့် စည်းကမ်းနှင့် လူကလေးပဲဟု မြူသဘောကျခဲ့သည် ။ ဒုတိယပတ်ကျတော့ မြူအိမ်ရှေ့မှာ သော့ဖွင့်နေကတည်းက စာလေးခိုးဖတ်ဖို့ ကြံရွယ်ထားခဲ့တာ၊ တီချာအင်္ကျီလဲတုန်း ရွှေရွှေတို့ တောင်အဖော်ခေါ်မနေဘဲ မြူတိတ်တဆိတ် စာသွားဖတ်သည် ။

ညစ်ခန်းစားပွဲပေါ်မှာ ပဲ ပန်းအိုးနှင့် ဖိထားသည် ။

ခုလဲ ဒီအတိုင်းပဲ။

"ဟော ...တီချာ ဒီမှာ စာ"

အင်္ကျီလဲပြီး ထွက်လာသော ဒေါ်သင်းသင်းအေးကို မြူက စာရွက်ကလေး ကောက်ပေးလိုက်၏။ ဒေါ်သင်းသင်းအေးက စာကိုဖတ်ရင်း...

"ဟော...သောက်ရေဆိုးထဲ ရေကျက်အေး ကျိုထားတာ ဖြည့်ခဲ့ပါဆို

တာ မေ့ပြီ ထင်တယ်။ ငါ့သားကတော့"

ဒေါ်သင်းသင်းအေးတို့ က ရေကို ကျိုချက်ကာ သောက်ရေဆိုးထဲထည့်ပြီး အဲဒီကမှ ပုလင်းသို့ ပြောင်းထည့်ယူကာ ရေခဲသေတ္တာထဲ ထည့်သောက်တာပါ။

ပြောဆိုရင်း မီးဖိုထဲဝင်သွားတာမို့ မြူက နားစွင့်နေမိသည် ။

"အစစ်ပဲ သားကြီးက မေ့သွားပြီ"

"ဘာကိုလဲ တီချာ"

"ရေဖြည့်ခိုင်းတာလေ ရွှေရွှေရဲ့ ၊ တော်ပါသေးရဲ့ ရေနွေးအိုးကို တီချာ မီးသွေးနဲ့ တည်သွားလို့ ၊ ဟောပလိတ်နဲ့ သာဆို မီးဖိုပဲကျွမ်းမလား၊ အိမ်ပဲမီးလောင်မလား၊ ခုတော့ မီးဖိုထဲလည်း မီးကုန်ပြီး ပြာကျနေပြီ၊ ရေနွေးအိုးတောင်အေးပြီ၊ အေးရောပေ့ါ၊ တစ်နေကုန်ပဲဟာ"

"တီချာ မိကျော် ဖြည့်လိုက်မယ်"

"ဟင် မလုပ်နဲ့ ဒါတော့ မလုပ်ပါနဲ့ ကွယ်၊ မိန်းကလေးတွေ အလေးအပင်ကြီး မမတာကောင်းတယ်။ သားကြီးလာမှ ပဲ ဖြည့်လိမ့်မယ်၊ ရေအိုးထဲလည်း ရေရှိပါတယ် ဖရစ်ချ်ထဲလည်း ပုလင်းတွေရှိပါသေးတယ်"

မြူတို့ ပြောမရဘဲ အလုပ်တွေ ဝေခွဲလုပ်နေကြတာမို့ တီချာက သံပရာရည်ဖျော်သည် ။ ပထမဆုံးနေ့ကတည်းက မြူတို့ ကို ကော်ဖီတိုက်ကာ စာသင်သောဆရာမပါပဲ။

ထမင်းအိုးလည်း ခလုတ်ဖွင့်ပြီးကာ တစ်အိမ်လုံးလည်း သပ်ရပ်သန့်ရှင်းပြီမို့ စာသင်ဖို့ စကြသည် ။

စာသင်ရင်းက ရွှေရွှေတို့ တစ်တွေ အမေးအမြန်းထူမှုကြောင့် ဒေါ်သ

င်းသင်းအေးက ဖြေရင်းကြားရင်း ဒေါ်သင်းသင်းအေးတို့ မိသားစုအကြောင်းကို သိလာရသည် ။ ဆရာမကလည်း မျက်နှာတည်ကြီးနှင့် စာကို မသင် အာလာပ သလ္လာပပြောကာ ရယ်ရယ်မောမော သင်တတ်တာမို့ စာသင်ချိန်ကလေး ပျော်စရာပါပဲ။

"တီချာက အန်ကယ် ဦးအေးသက်နဲ့ မောင်နှမနှစ်ယောက်ပဲ ရှိတာလားဟင်"

ရွှေရွှေအမေးကြောင့် ဒေါ်သင်းသင်းအေးက မျက်နှာကလေးတစ်ချက် ညှိုးမှိုင်းသွားရင်း...

"တီချာက အကြီးဆုံးလေ၊ ပြီးတော့ မောင်သက်ပေ့ါ၊ အငယ်ဆုံး မိန်းကလေးကတော့ ဟိုး ငယ်ငယ်လေးတည်းက ဆုံးသွားတယ်၊ ခုတော့ နှစ်ယောက်ပဲပေ့ါ"

"အဲဒီတော့ ကိုမိုးစက်မှာ မောင်နှမဝမ်းကွဲလည်း မရှိ၊ အရင်းလည်း မရှိ ဖြစ်နေတာပေ့ါနော်"

"ဟုတ်တယ် တီချာကတော့ ကိုယ့်မောင်ပဲ ကိုယ်ဆူနေတာ။ မိန်းမ မယူရကောင်းလားလို့ ၊ သားကြီးက အဖော် မရှိဘဲ ကြီးလာရရှာတာ၊ သူငယ်ချင်းလည်း အများကြီးမထားဘူး၊ နှစ်ယောက် သုံးယောက်ပဲ ပေါင်းတာ၊ သူ့ကိုသနားလို့ တီချာက အဖော်ရှာတော့လေလို့ မြှောက်ပေးနေရတယ်၊ အမေက....ဟင်း ဟင်း"

"တီချာ ရွှေ ရှာပေးရမလား"

"ဟုတ်လား လုပ်ပါဦး"

တစ်ခုခုပဲ သိထားကြသလားဟု ဒေါ်သင်းသင်းအေးက အံ့သြပုံနှင့် ဆိုဆဲ။ ကိုယ့်ဘက် လှည့်လာမလို့ ဆိုတာ မြူက အတတ်သိနှင့်ပြီးသာမို့

မျက်နှာ တည်တည်နှင့် ခေါင်းစည်းစာတန်းအောက်မှာ လိုင်းအနီ ငုံ့တားနေလိုက်သည် ။

"ခစ် ....ခစ်"

"ဘာလဲ ဘာလဲ ကေနွှာသားကြီးကို တစ်ယောက်ယောက်နဲ့ မရိုးမသားပုံစံ မြင်ထားပြီ ထင်တယ်"

"မဟုတ်ပါဘူး တီချာ၊ သူများ စိတ်ဝင်စားမလားလို့ ရွှေကပြပေးမလို့ပါ"

"ဘယ်သူလဲ"

"ဘယ်သူရယ် မဟုတ်ပါဘူး၊ ရာဇူးမှာ က အချောအလှပေါ်တော့ ရွှေတို့ ရှာပေးရင် ပိုနီးစပ်တာပေ့ါ ဟုတ်တယ် မဟုတ်လား မိကျော်"

"ဟုတ်တယ် တီချာ၊ တီချာလိုချင်တဲ့ စံတွေပြောထားပေ့ါ"

"အမလေး တီချာက စံတွေထားပြီး ပြူးပြဲအပြစ်ရှာမယ့် ယောက္ခမမဟုတ်ပါဘူးနော်၊ ငါ့သားကြီးကြိုက်တယ်ဆိုရင် ပြီးတာပါပဲ"

"အကျင့်စာရိတ္တကောင်းပြီး လူတောသူတောဝင်ဆံ့တဲ့ အနေအထားဖြစ်ရင် ပြီးရောပေ့ါ၊ တီချာက ချွေးမကိုတဲ့ အောင်ပေါင်းမှာ နော်၊ တစ်ဦးတည်းသော သားရဲ့ အမေဆိုပြီး ပေါင်းရခက်မယ့် ယောက္ခမျိုးမထင်နဲ့ "

ဒီမိန်းကလေး သုံးယောက်စလုံး ချောချောလှလှနှင့် သဘောဖြူအူစင်း ပျော်ရွှင်တတ်သူလေးတွေပဲ ဆိုတာ အကဲခတ်မိပြီးသားမို့ တစ်ယောက်ယောက်ကိုများ သားကြီးက စိတ်ဝင်စားလာခဲ့လျှင် ဒေါ်သင်းသင်းအေး ငြင်းပယ်စရာ တစ်ယောက်မှ မရှိတာကို ကလေးမတွေ သဘောပေါက်နှင့်အောင် သွယ်ဝိုက်ပြောပြချင်သည် ။

"ဒီလို ယောက္ခမမျိုးရှားတယ်နော်၊ သမီးတို့ အန့်ကယ်က တီချာ့ထက်တောင် ပိုအေးသေးတာ။ အဓိကက ငါ့သားကြီး ယောင်ချာချာပျင်းခြောက်ခြောက် ဖြစ်နေတာ သိပ်မကြည့်ချင်တော့တဲ့ အချက်ပဲ"

"တီချာက မွေးတော့သာတစ်ယောက်ပဲ မွေးထားတာမြေးတွေ လက်ထက်ကျရင် ဝမ်းကွဲတွေ အများကြီးနဲ့ တစ်စည်းတစ်လုံးကြီး နေတာမျိုး မြင်ချင်တာကွ"

"ဟာ..ဒါဆို ဒီမှာ "

မိကျော်က မြူခေါင်းပေါ် လက်ညှိုးနှင့် ထောက်ကာ ရယ်ကျဲကျဲပြောသည် ။ မြူက ခေါင်းကို ယိမ်းထွက်ရင်း မျက်နှာလေး နီသွားရ၏။

"မြူက မောင်နှမ ခုနစ်ယောက်တောင် သူ့ မောင်နှမတွေလည်း အားလုံးအိမ်ထောင်ပြုမယ့် ရုပ်ချည်းပဲ၊ ခစ် ခစ်"

မြူက မျက်နှာရဲရဲလေးနှင့် မိကျော်ကို ထုရိုက်နေတာကို ဒေါ်သင်းသင်းအေးကကြည့်ရင်း နှစ်ခြိုက်စွာ ရယ်မိတော့သည် ။

ရွှေရွှေက မြူအထိနာနေတာကို စကားလမ်းလွှဲကာ ..

"တီချာ မင်္ဂလာဆောင်တုန်းက ဓာတ်ပုံတွေ ကြည့်ချင်တယ်"

"အေး...ပြမလို့ ဟာ ၊ ညည်းတို့ ပြန်မှ သတိရ ရနေတယ်။ သွားယူလိုက်ဦးမယ်"

ဒေါ်သင်းသင်းအေး အပေါ်ထပ် တက်မှ မြူက ရွှေရွှေနှင့် မိကျော်ကို တစ်ယောက်တစ်ချက်ရိုက်ရင်း...

"တစ်မျိုး ထင်သွားတော့ ဘယ်လိုလုပ်မလဲ၊ ငါတို့ ကို ငကဲတွေ ထင်သွားရင်လည်း ရှက်စရာကြီး"

"အောင်မယ် နင်က မိုးစက်နဲ့ တွဲစတာ နာလား"

"ဟင်း"

မြူက မျက်စောင်းရွယ်ရင်း ပါးစပ်ကို စေ့မထားနိုင်ဘဲ ပြုံးစိစိ ဖြစ်သွားရ၏။ ထိုအခိုက်မှာ ပင် အိမ်ရှေ့က တံခါးရှေ့မှာ မတ်မတ်ရပ်နေသော မိုးစက်ကို တွေ့လိုက်ကြရသည် ။

မြူတို့ သုံးယောက်ရော မိုးစက်ပါ အိုးတို့ အန်းတန်း ဖြစ်သွားကြသည် ။

မိကျော်နှင့် ရွှေရွှေက မိုးစက်ကို တွေ့တာနှင့် မနက်က သူမေ့သွားသော ကိစ္စကို စီးပြီးအပစ်တင်သလိုလေသံနှင့် ဖြခြောက်လိုက်ကြသည် ။

မိုးစက်သူတို့ ရှေ့မှ လစ်မည်အပြင်မှာ ပင် အပေါ်ထပ်က မေမေ ဆင်းလာတာနှင့် တန်းတိုးနေသည် ။

"ဟော သားကြီးတောင် ပြန် လာပြီ"

"တီချာ ဆူလိုက်ဦးလေ။ တော်ကြာ အကျင့်ပါနေဦးမယ်"

ရွှေရွှေက တို့ သည် ။ မေ့မေ့ပျောက်ပျောက် ဖြစ်သော ဒေါ်သင်းသင်း အေးက မျက်ခုံးကြီးပင့်ကာ..

"အေး...ဟုတ်ပ့ါ ၊ မနက်က ဘာမေ့သွားလဲ သားကြီး"

"သူတို့ ပြောပြီးပါပြီ မေမေ၊ သား လောသွားလို့ "

"ဘာတွေအတွက် လောရတာတုံး၊ အသက်ကကြီးပြီဆိုတော့ မေ့တတ်ပြီပေ့ါလေ"

"လုပ်မနေနဲ့ တီချာ ခွင့်မလွှတ်နဲ့ ၊ ထိုင်ထလောက်တော့ လုပ်ခိုင်းမှ ၊

ဒါမှ မှတ်မိသားမိ ဖြစ်မှာ ။ နို့မို့ ခေါင်းထဲမှာ စွဲမှာ မဟုတ်ဘူး "

မိကျော်က အတည်ပေါက်နှင့် ဝင်တို့ နေသမျှ မိုးစက်မှာ မနေတတ် မထိုင်တတ် အနေခက်နေရသည် ။ ဒီကောင်မလေးတွေကလည်း ပြောရဲ ဆိုရဲ နောက်ရဲပြောင်ရဲရှိလိုက်တာကွာ။ မရောတတ် မလုံးတတ်သော မိုးစက်ခမျာ စိတ်ဆိုးတာလိုလို ရှက်တာလိုလို မျက်နှာကြီး သိုးသိုးနှင့် အီလည်လည် ခံနေရသည် ။

"ကဲပါ ငါ့သားကြီး ရှက်နေပါဦးမယ်၊ ကဲ သွား အဝတ်လဲချည်ဦး"

ကြည့်ပါဦးတော့။ မေမေ ပြောပုံကလည်း သူ့သား လူပျိုကြီးဖားဖားကို သူတပည့်မလေးတွေထက်ပင် ပိုငယ်သောကလေးတစ်ယောက်ပုံနှယ် ပြောနေလိုက်တာ။ ချစ်စနိုး စနေပုံကိုက မိုးစက်အတွက် ကလေးကလားကြီးမို့ အခံရခက်နေလျက်။ ထွက်သွားလိုက်လျှင်ပင် ဒီမိန်းကလေးတွေနောက်ပြောင်တာကို ရှက်ပြီး လစ်ပြေးရသြော် ကျဦးမည်။

အသွားခက်ခက်နှင့်မို့ မိုးစက် အလုပ်မရှိ အလုပ်ရှာ ရေမသောက်ချင်ပါဘဲ ဖရစ်ချ်ကို ယောင်ယောင်မှားမှား ပုလင်းလိုက် မော့နေမိတာကို ကြည့်ပြီးရယ်ပွဲဖွဲ့ကြပြန်ကာ -

"တီချာ တီချာ့သားတော့ ရှက်ရင်တုန်ကြီး ဖြစ်ပြီး ရေခဲရေကို ပုလင်းလိုက် မော့နေတာပဲ ခိခိ"

မိုးစက် မျက်မှောင်ကြီး တွန့်ကာ.

"မေမေ့ ကလေးမတွေ မလွယ်ပါလား၊ မနေရဲတော့ဘူး။ တော်ပြီ လစ်ပြီ"

စကားရော ဖောရောနှင့် လစ်ထွက်ခဲ့ရတော့သည် ။ မျက်ဝန်းထဲတော့ ပါးစပ်လေး ကွယ်ကာရယ်နေသော မိန်းကလေးပုံစံကို အပါသယ်

လာမိတော့သည် ။

အင်း ...မေမေကလည်း မလွယ်ဘူး။ တစ်သက်လုံး ကျောင်းဆရာမ သက်တမ်းတစ်လျှောက် တပည့်တွေနှင့် ဒီလိုရွေးချယ်ရင်းနှီးမိတာမျိုး မရှိခဲ့သမျှ အတင်းကြီး စာသင်ဖို့ တပူပူ တဆာဆာ လာညည်းကာ အတင်းကို ရောနှောပေါင်းသင်းသည့် သည် တပည့်မသုံးယောက်နှင့် ကျမှ မေမေပါရောပြီး နောက်ပြောင်တတ်နေပြီ။

မေမေက သမီးမိန်းကလေး မရှိသူပီပီ တတမ်းတတ မိန်းကလေးမှ ပိုပြီးချစ်ခင် ရင်းနှီးတတ်တာကြောင့်လည်း သူတို့ ကို တကယ်ပင် သမီးတွေလို ချစ်နေပြီထင်ပါရဲ့ ။

*****